


mgyoe.com

mgyoe.com

# ခေတ်ဆန်းစာ ၂၀၀၃-၂၀၀၄

**ဒေါက်တာသန်းထွန်း**

DTH0011
3,000.00 KS

mgyoe.com

mgyoe.com

ခေတ်ဆန်းစာ ၂၀၀၃-၂၀၀၄
ဒေါက်တာသန်းထွန်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀ ၅၃၉ ၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀ ၅၆၅ ၀၈၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |


| | | |
|---|---|---|
| မျက်နှာဖုံး ဓာတ်ပုံ | - | အပ်အက်စ်ဒို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၉၃၀
သန်းထွန်း၊ ဒေါက်တာ
ခေတ်ဆန်းစာ ၂၀၀၃-၂၀၀၄ /
ဒေါက်တာသန်းထွန်း -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊ စာမျက်နှာ ၂၅၃ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ခေတ်ဆန်းစာ ၂၀၀၃-၂၀၀၄

၂၀၁၂၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀
ကျောင်းဈေး ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com



၂၀၀၃–၂၀၀၄ အတွင်း ထုတ်ဝေခဲ့သော ခေတ်ဆန်းဂျာနယ်ပါ ဆရာကြီး ဒေါက်တာ သန်းထွန်း၏ စာများကို အခြားအတွဲများတွင် မထည့်ဘဲ သီးခြားစုစည်းကာ 'ခေတ်ဆန်းစာ ၂၀၀၃–၂၀၀၄' ဟူသောအမည်ဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ လုံးချင်းဖြစ်ပြီးသောစာမူများကို ချန်လှပ်ခဲ့ပါသည်။

*စိတ်ကူးချိုချိုစာအုပ်တိုက်*

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြန်မာတို့၏ ဗုဒ္ဓပါဒ (ခြေတော်ရာ) | ၁ |
| ၂။ | မံဘုရား | ၁၅ |
| ၃။ | ဘိသက္ကဂူရ | ၃၂ |
| ၄။ | မင်းဝတ်ဘုရား | ၄၃ |
| ၅။ | ဘုရားဒက္ခိဏာသာခ | ၄၉ |
| ၆။ | မြန်မာနိုင်ငံရဲ့ ဗုဒ္ဓအနုပညာ | ၅၄ |
| ၇။ | မြန်မာနိုင်ငံ သုတေသနအသင်းကို စတင်တည်ထောင်ပုံ | ၇၂ |
| ၈။ | မြန်မာနိုင်ငံရဲ့ ရိုးရာခလေ့ | ၈၃ |
| ၉။ | အာနန္ဒာဂူစံပြုတဲ့ မူလ ဂူရှာပုံတော် | ၁၁၆ |
| ၁၀။ | ပုဂံ အာနန္ဒာဘုရား ဗိသုကာလက်ရာ | ၁၂၀ |
| ၁၁။ | မြန်မာနိုင်ငံ သုတေသနသင်းက ချမှတ်ခဲ့တဲ့ အလုပ်လျှာထားချက် | ၁၅၅ |
| ၁၂။ | ကျောက်ရုပ်တု | ၁၆၂ |
| ၁၃။ | နံ့ရုံဆေးရေး | ၁၇၅ |
| ၁၄။ | ထိုင်းမှာရှိတဲ့ ရှေးဦးမွန်ဗိသုကာလက်ရာ | ၁၈၅ |
| ၁၅။ | ဗုဒ္ဓသာသနာမှာပါဝင်ပတ်သက်လာတဲ့ ရုပ်ပွားသမိုင်း | ၂၀၆ |
| ၁၆။ | ဝဖြာယာနရဲ့ အံဖွယ်ရာနက်နဲသိမ်မွေ့ပုံ | ၂၁၈ |
| ၁၇။ | သာခနေပေါ်လာပုံ တွေးခေါ်မှုအစဉ် | ၂၂၅ |
| ၁၈။ | ကျမ်းဟောင်းများ တည်းဖြတ်ပုံနှိပ် ထုတ်ဝေရေး | ၂၃၄ |
| ၁၉။ | သုံးဆယ့်ခုနစ်မင်းနတ်လောကရဲ့ အံ့ဖွယ် | ၂၄၀ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြန်မာတို့၏ ဗုဒ္ဓပါဒ (ခြေတော်ရာ)

ဝါဆေဒတက္ကသိုလ်က ဂျွန်ကတိုက ဂျပန်မှာတွေ့ရတဲ့ ဗုဒ္ဓခြေတော်ရာတွေကို ဘယ်လို လေ့လာသင့်သလဲလို့ စာတမ်းတစ်စောင်ကို ၂ စက်တင်ဘာ ၁၉၈၃ က နိုင်ငံတကာ တတိယ လူမှုသိပ္ပံကွန်ဂရက်ကို တိုကျိုမြို့မှာ ကျင်းပတဲ့ အခါက ဖတ်တယ်။ အကြောင်းအားလျော်စွာ အဲဒီစာတမ်း မိတ္တူတစ်စောင်ကို ရှိုဂျိအိတိုက ကျွန်တော့်ကို ပေးတယ်။ ဂျပန်မှာ ဗုဒ္ဓခြေတော်ရာကို ရေးသားထွင်းထုပြီး ကိုးကွယ်တာကို နေရာ ၂၀၀ ကျော်မှာ တွေ့ရပါတယ်။ အစောဆုံးက နရ၊ ယကုရှိချိမှာ ရှိတယ်လို့ ထင်ပါတယ်။ တရုတ်ကတစ်ဆင့် ကုလားတွေဆီက ခရစ်နှစ် ရှစ်ရာစုနှစ်က ရရှိခဲ့တာလို့ ထင်ပါတယ်။ (ပုံ-၁)မှာ ပါတဲ့အတိုင်း ပြောရရင် လက္ခဏာတော်ကြီးငယ်ကို ခြေဖဝါးတော်မှာ ရေးဆွဲ

ပုံ (၁)



(၁) (၂) (၃) (၄)

ဂျပန်တွေရေးတဲ့ ဗုဒ္ဓပုံတွေ့တွေက ခြေတော်ရာ (၁) ယကုရှိဂျိ ဒီဇိုင်း၊ (၂)တိုဒိုင်ဂျိ ဒီဇိုင်း၊ (၃) ယုအန္ဓိနှင် ဒီဇိုင်း၊ (၄) တေအိပိုကု ဒီဇိုင်း [ဂျွန်ကတို (၁၉၈၃) မှ]။

mgyoe.com

 mgyoe.com 


(ပုံဖော်) ထားတယ်။ မြန်မာလက်ရာနဲ့ ကွဲပြားခြားနားနေတယ်။ မြန်မာတွေ ရေးဆွဲပြသလောက်လဲ ဂျပန်က မပြနိုင်ပါ။

မြန်မာတွေ ရေးဆွဲတဲ့ (ပုံ-၂ နဲ့ ၃ မှာပြထားတဲ့) ခရစ်နှစ် တစ်ဆယ့်တစ် နဲ့ တစ်ဆယ့်နှစ်ရာစု နှစ်ဝက်လက်ရာတွေနဲ့ ကွာခြားချက်က အရင်က ခုလို လက္ခဏာ ၁၀၈ ကွက် မရှိပါ။ ဒီလက္ခဏာတွေကို မဟာပုရိသလက္ခဏာကြီးလို့

ပုံ (၂)



မြတ်စွာဘုရား လက်ဝဲဘက်လက်ဖဝါးတော်နဲ့ ခြေဖဝါးတော်အစုံမှာ ပေါ်ထင်တွေ့မြင်နိုင်တဲ့ လက္ခဏာတော်တွေ၊ ပုဂံတပ်ကလေးကျောင်း ၁၂ ရာစုနှစ်ဦး နံရံပန်းချီ (အိုနိုနဲ့ အိနိုဥ ၁၉၇၈၊ ပုံ ၂၀၊ စာ ၂၇)။



မြတ်စွာဘုရား လက်ဝဲဘက် လက်ဖဝါးတော်နဲ့ ခြေဖဝါး တော် အစုံမှာ ပေါ်ထင်တွေ့ မြင်နိုင်တဲ့ လက္ခဏာတော်တွေ၊ ပုဂံဘုရားအမှတ် ၂၇၉ ရှိ၊ ၁၂ ရာစုနှစ်ဦး နံရံပန်းချီ (အိုနိုနဲ့ အိနိုဥ ၁၉၇၈၊ ပုံ ၂၅၊ စာ ၃၁)။


ပုံ (၃)

ခေါ်[illegible]ရှိပါတယ်။ ဒီဃနိကာယ လက္ခဏာသုတ်အရ ကြီးမြတ်တဲ့ ယောကျ်ား တိုင်းရဲ့ ခြေဖဝါးမှာ စက်ဝန်းအလိုက် ပုံတွေရှိပါတယ်လို့ဆိုတယ်။ မြန်မာ အယူကတော့ စက်ဝန်းဟာ ပဒုမ္မာ ကြာပွင့်ကြီးလို ကြာဖတ်တွေ အထပ်ထပ် ရှိတယ် (ပုံ ၄ နဲ့ ၅ ကြည့်)၊ ကြာဖတ်တွေက ပွင့်အာပြီးကျလာလို့ စက်ဝန်းကြီး သဏ္ဌာန်ရှိနေတယ် (ပုံ ၆ နဲ့ ၈ကိုကြည့်)။ ဒါမှမဟုတ်ရင် ဒေါက်အနည်းဆုံး

mgyoe.com


mgyoe.com


ပုံ(၄)က



အခု ပုဂံပြတိုက်ရောက် သုံးပိုင်းကျိုးနေတဲ့ လက်ဝဲဘက် ခြေတော်ရာ၊ အကွက်လိုက် ဖြစ်တော်စဉ် ပုံယ်တွေကို သိသာထင်ရှား အောင် ဖော်ပြတယ်။ မူလဒေသက ပုဂံ သီရိလောကနန္ဒာဘုရား ဖြစ်တယ်၊ ၁၂ရာစု နှစ်လယ်။ (လူစ် ၁၉၇၀၊ ပုံ ၉၂ခ)။

ပုံ(၄)ခ




လောကနန္ဒာဘုရား ခြေတော်ရာ ပုံယ်တွေကို ဂဏန်း အမှတ်ပေးထားတယ်၊ ဂဏန်းနဲ့ တိုက် ပြီး ရှင်းလင်းချက်မှာ ကြည့်ပါ။ တချို့ အမှတ် ဖတ်မရ၊ ကျိုးပျက်နေတဲ့ အကွက်လဲ ရှိတယ်။

ဖ၀က အများဆုံး ၁၀၀ ရှိတဲ့ ဘီးကြီးဖြစ်မယ် (ပုံ ၇ကိုကြည့်)။ အဖတ်တွေက ဘီးအပြည့်ဖုံးထားတဲ့ သဘောဖြစ်တယ်။ အဲဒီ ဘီးပေါ်မှာရှိတဲ့ မင်္ဂလာကျက် သရေရှိတဲ့ အမှတ်အသား(တံဆိပ်လက္ခဏာ)တွေက သုံးဆယ့်နှစ်ကစပြီး တစ်စ တစ်စ တိုးပွားလာလိုက်တာ အစုစု ၁၀၈ အထိ ဖြစ်လာပါတယ်။ တစ်ဆယ့် ကိုးရာစုနှစ်ရဲ့တစ်ဝက်၊ သုံးချိုး နှစ်ချိုးလောက်ရောက်တော့ ရှေးက ခြေဖဝါး တော်အပြည့်မှာ ၁၀၈ ကွက်လုပ်ရာက ခြေဖဝါးတော်အလယ်မှာ စက်ဝန်းလုပ် ပြီး အဲဒီစက်ဝန်းထဲမှာပဲ အကွက် ၁၀၈ ကွက်ပေါ်တဲ့ ပုံစံကို အစားထိုးပြုလုပ် လာပါတယ် (ပုံ-၁၄၊ ၁၅ ကိုကြည့်ပါ။)။ ဒါပေမဲ့ ခုထိ မတိုးပွားဘဲ ၁၀၈ လက္ခဏာပဲ ထားတာလည်း ရှိတယ်။ ခြေဖဝါးလို နေရာလွတ်သေးသေးမှာ ဒီလောက် လက္ခဏာတွေ အများကြီး ပေါ်နေတယ်ဆိုတာ မယုံနိုင်စရာကောင်း လှတယ်။ မဟာပုရိသသုတ်မှာ ဘာ့ကြောင့် ဒီလက္ခဏာတွေ ပေါ်လာရတယ် ဆိုတာ ရှင်းထားပါတယ်။ ဘုရားအဖြစ် ပွင့်တော်မူဖို့ သတိပဋ္ဌာန် လေးမျိုးကို အရင် ကျင့်ကြံအားထုတ်ရတယ် ဆိုတာကို ဖော်ပြပြီး ရှိပါတယ်။ ဗုဒ္ဓဃောသ

mgyoe.com


mgyoe.com

ပုံ(၇)က



ကျောက်ထွင်းမြတ်စွာဘုရား လက်ယာဘက်ခြေတော်ရာ အသေးစိတ် ဖော်ပြတယ်၊ ပုဂံရွှေစည်းခုံ၊ ခရစ် ၁၂ ရာစုနှစ် (လုစ် ၁၉၉၀၊ ပုံ ၉၃ က)။

ပုံ(၇)ခ




ရွှေစည်းခုံဘုရား ခြေတော်ရာ အကွက်လိုက် စိတ်ပိုင်း ဖော်ပြချက် တချို့ပျောက်၊ တချို့ပျက်။

အလိုအားဖြင့် ပနိမိ၊ သမာဒါန၊ ဉာဏနဲ့ ကရုဏာကြောင့် ဒီလို အကြီးအကျယ်အောင်မြင်တယ်လို့ ဆိုတယ်။ ထူးမြတ်တဲ့ ယောကျ်ားမှန်ရင် လူတကာထက်ပိုတဲ့ ရုပ်လက္ခဏာတွေ ရှိရမယ်ဆိုတဲ့ အယူအဆကတော့ ဗုဒ္ဓယုံကြည်မှု မပေါ်မီကဘဲ ရှိခဲ့တယ်။ ဒါပေမဲ့ အခု ခြေတော်ရာတွေကိုတော့ ထူးတဲ့ အနုပညာ လက်ရာတွေအနေနဲ့ အထူးဂရုပြုပြီး လေ့လာသင့်ပါတယ်။ ခြေတော်ရာ ၁၀၈ကွက်အပြင် ခုအခါမှာ ခြေတော်ကို ပိုင်းပြီး ၄ကိနဲ့ သတ္တဝါတစ်ဆယ့်ခြောက်မျိုးပါတဲ့ ဘုရားဖြစ်တော်စဉ်ကို ဖော်ပြဖို့အတွက် ၁၃၆ ကွက်အထိ ဖြည့်ပြီးဆွဲထားပါသေးတယ် (ပုံ ၇ကနဲ့ ၇ခကိုကြည့်ပါ)။ ဗုဒ္ဓပရိနိဗ္ဗာန်မပြုမီအထိ ဖြစ်တော်ပေါင်းကို ရည်ညွှန်းတဲ့ပုံတော်တွေ ဖြစ်ပါတယ်။ မြန်မာတွေက ဘုရားဖြစ်တော်မူခဲ့တဲ့ ဘဝအများကြီးထဲက ဘာ့ကြောင့် တစ်ဆယ့်ခြောက်ဘဝကိုသာ ရွေးထုတ်ဖော်ပြတယ်လို့ ရှင်းလင်းပြောပြဖို့ ခက်ပါတယ်။ ခြေတော်ရာကို လက်ဝဲကိုသာ ပြတယ်။ (ပုံ ၄ကနဲ့ ၄ခကို ကြည့်)။ သို့မဟုတ်လက်ယာကိုသာပြတယ် (ပုံ ၄ကခ၊ ၆ကခ၊ ၇ကခ၊ ၈၊ ၁၄ကခနဲ့ ၁၅ကခတွေကို ကြည့်ပါ)။ သို့မဟုတ် လက်ဝဲလက်ယာအစုံကို ပြတယ် (ပုံ ၉၊ ၁၀၊ ၁၁၊ ၁၂ နဲ့ ၁၃)ကို ကြည့်ပါ။ အခုအခါ မြန်မာတွေက

mgyoe.com


mgyee.com






ပုံ (၆)က

ကျောက်ထွင်းမြတ်စွာဘုရား ခြေတော်ရာ အသေးစိတ် ဖော်ပြချက် ပုဂံ၊ သိမ်းမစည်းဘုရား၊ ခရစ် ၁၂ ရာစုနှစ်၊ (လူစ် ၁၉၇၀၊ ပုံ ၉၃/က)။




ပုံ (၆) ခ

သိမ်းမစည်းခြေတော်ရာ၊ အကွက် ရိုက်ပြီး ဂဏန်း အမှတ် ထိုးထားတယ်။ ဘယ်အမှတ်ဟာ ဘာလို့ အပြည့်အစုံ ပြောမရတော့ပါ။



ပုံ (၇)က

မင်းကွန်း တောင်ရိုးမိုးမိတ်ကျောင်းတိုက်၊ ခရစ် ၁၉ ရာစုနှစ်ဦး၊ ကျောက်ထွင်း၊ ဗုဒ္ဓလက်ယာဘက်၊ ခြေတော်ရာ အသေးစိတ် ဖော်ပြထားတယ်။ (စောလွင် ၁၉၈၄)



ပုံ (၇) ခ


မင်းကွန်း ခြေတော်ရာ ၁၀၈ကွက်၊ ဖြစ်တော်ပေါင်း ၁၃၆ ဘ၁၀ (၄ကဲ ၆၆၊ ခြေလေးချောင်း ၇) အသေးစိတ်ရှင်းတဲ့ စာရင်းကိုကြည့်။

ညာခြေတော်ရာကိုသာ ပြဖို့ စိတ်အားသန်တာကို တွေ့ပါလိမ့်မယ်။ အခုအထိ မြန်မာနိုင်ငံမှာ အစောဆုံး ထုလုပ်ကိုးကွယ်တယ်လို့ ထင်ရတဲ့ ခြေတော်ရာဟာ ပုဂံတောင်ဘက်ရှစ်မိုင် (၁၂.၈၇၂ကီလိုမီတာ)အကွာက သရိုရွာ လောကနန္ဒာဘုရားက ရတယ်။ သုံးပိုင်းကွဲနေတယ်၊ ပုဂံပြတိုက်ကို ရွှေ့ပြီး ပြသထားပါတယ်။ လောကနန္ဒာဘုရားက ခရစ် ၁၁ ရာစုနှစ် လက်ရာဖြစ်ပါတယ်။ ဒါပေမဲ့ ခြေတော်ရာက စေတီနဲ့ ခေတ်ပြိုင်မဟုတ်ပါ။ (ပုံ ၂နဲ့ ၃မှာပြထားတဲ့) နံရံဆေးရေးပန်းချီတွေဟာ ခရစ်နှစ် ၁၂ ရာစုနှစ်ဦးက ဖြစ်တယ်လို့ သတ်မှတ်တယ်။ အဲဒီလောက်စောတဲ့ ပန်းချီမှာတောင် ခြေတော်ရာအပြည့် အမှတ်လက္ခဏာ ရေးဆွဲထားတာကို မတွေ့ပါ။ ဒီလောကနန္ဒာ ခြေတော်ရာပုံကို ၁၂ ရာစု နှစ်လယ်က ရေးဆွဲတယ်လို့ ထင်ရပါတယ်။ ခရစ် ၁၃ ရာစုနှစ် လောက်ကစပြီး တွေ့ရတဲ့ခြေတော်တွေရဲ့ ခြေချောင်းထိပ်မှာ ခရုသင်းပုံ ရေးဆွဲထည့်တဲ့ အလေ့မရှိသေးပါ။ (ပုံ ၆၊ ၇ စတဲ့ ပုံတွေမှာကြည့်ပါ)။ ပြီးတော့

mgyee.com

mgyoe.com


ပုံ(၈)



မန္တလေး မဟာမုနိ၊ ခရစ် ၁၉ရာစု နှစ်ဦး၊ ၁၀၈ ကွက် ခြေတော်ရာ၊ တချို့ ပျောက်ပျက်။ (စောလွင် ၁၉၈၄)

ပုံ(၇)က



ခရစ် ၁၂ ရာစုနှစ်ဦး ပုဂံလောကထိပ်ပန် မျက်နှာကြက် ဗုဒ္ဓခြေတော်ရာ၊ (အိုနိုရဲ့ အိနိုဥ ၁၉၇၈၊ ပုံ ၉၃၊ စာ ၇၃)။

၁၃ ရာစုနှစ်က ရေးဆွဲတဲ့ ခရသင်း (ပုံ ၆နဲ့ ၉)ဟာ ခရစ် ၁၈ ရာစုနှစ် ခရသင်း (ပုံ ၁၂)နဲ့ ခရစ်နှစ် ၁၉ ရာစုနှစ် ခရသင်း (ပုံ ၇၊ ၈၊ ၁၄ နဲ့ ၁၅) ပုံတွေနဲ့လဲ မတူပါ။ (ပုံစံတစ်ခုကို ထုတ်ပြီး အဲဒီအတိုင်း ဆက်ကာဆက်ကာ အတုခိုးရေးဆွဲတာမျိုး မဟုတ်ပါ။) ခရစ် ၁၈ ရာစုနှစ်ကစပြီး ခြေတော်ရာ တစ်ခုလုံးကို နဂါးနှစ်ကောင်က ပတ်ထားပုံကို ရေးဆွဲထုလုပ်ဖော်ပြလေ့ ရှိတယ်။ နမ္မဒါမြစ်က နမ္မဒါနဂါးတွေ ဖြစ်ပါတယ်။ ဒီနမ္မဒါမြစ်က အိန္ဒိယ တောင်ပိုင်းကို အိန္ဒိယမြောက်ပိုင်းက ခွဲပေးတဲ့မြစ်ဖြစ်ပါတယ်။ ဒီနေရာဟာ နဂါးတိုင်းပြည်ဖြစ်တယ်လို့ ယူဆခဲ့ကြတယ် ထင်ပါတယ်။ မြတ်စွာဘုရား ပုဏ္ဏကအပြန် နဂါးမင်းက တောင်းပန်လို့ နဂါးပြည်ကိုကြွပြီး နမ္မဒါမြစ်ဘေးမှာ ဘယ်ဘက်ခြေတော်ရာ ချခဲ့တယ်လို့ အယူရှိကြပါတယ်။ နမ္မဒါမြစ်ရေ တက်တဲ့အခါ ခြေတော်ရာကို ရေလွှမ်းလို့ ရေကျချိန်မှသာ ခြေတော်ရာကို ဖူးမြော်ခွင့်ရကြပါတယ်။ မြန်မာတွေက ဒီအကြောင်းအရာကို အတုယူပြီး အနောက်ရိုးမရဲ့ တောင်ခြေ၊ မင်းဘူးရဲ့ အနောက်တောင် ၂၆ မိုင်(၄၁.၈၃၄ ကီလိုမီတာ)၊ စကုအနောက် ၁၆မိုင် (၂၅.၇၄၄ ကီလိုမီတာ) အင်္ကြာမန်းစက် တော်ရာမှာ ထွင်းထုထားတဲ့ ခြေတော်ရာရှိပါတယ်။ အဲဒီခြေတော်ရာကို နှစ်စဉ် မိုးလရာသီ (ဖွန်မှ စက်တင်ဘာ)မှာ ရေမြုပ်နေပါတယ် (မြန်မာစွယ်စုံ အတွဲ၇၊


mgyoe.com

ပုံ(၉)၈



လောကထိပ်ပန် မျက်နှာကြက် ဗုဒ္ဓ လက်ဝဲဘက် ခြေတော်ရာ အသေးစိတ် ဖော်ပြချက် (လုစ် ၁၉၇၀၊ ပုံ ၉၃ ခ)။

ပုံ(၉)၇



လောကထိပ်ပန် လက်ဝဲဘက် ခြေတော်ရာက ၁၀၈ ကွက်၊ အမျိုးအမည် ခွဲခြား ဖော်ပြနိုင်ဖို့ ပူးတွဲစာရင်းမှာကြည့်။

၁၉၇၅ စာမျက်နှာ ၄၄၈–၄၅၁ကြည့်)၊ ဘယ်တုန်းက ထုလုပ်တယ် မသိပါ။ ဒါပေမဲ့ ၁၆ရာစုနှစ်အတွင်း ပြည်တွင်း စစ်ကာလမှာ စက်တော်ရာ ပျောက်နေတယ်၊ ၁၁ဧပြီ ၁၆၉၃ မင်းမိန့်နဲ့ သူရဲ ၅၀၀စေလွှတ်ပြီး ခြေတော်ရာမှာရတယ် (မိန့်ချုပ် ၁၊ ၁၉၈၃၊ ၉၆–၉၇၊ ၉၉၊ ၃၆၅၊ ၃၇၂–၃၇၅ ကြည့်)။ နမ္မဒါခြေတော်ရာဟာ ဗုဒ္ဓကိုယ်တော်တိုင် ချခဲ့တဲ့ခြေတော်ရာ သုံးဆူထဲက တစ်ဆူဖြစ်တယ်လို့လဲ ယုံကြည်ကြတယ်။ ကျန်တဲ့ ခြေတော်ရာနှစ်ဆူက (ဘယ်နေရာလို့ အတိအကျ မဖော်နိုင်ခဲ့) သစ္စဗန္ဓကတောင်နဲ့ သီရိလင်္ကာက သုမနတောင်မှာရှိပါတယ်။ ခြေတော်ရာကို များသောအားဖြင့် သဲကျောက်ပေါ်မှာ ထွင်းထုထားတတ်ပါတယ် (သဲကျောက် ပုံ ၄၊ ကျောက်ဖြူ ပုံ ၇ ကြည့်)။ ကြေးနဲ့ထုတယ်၊ သစ်စေးသားရိုးကိုင် ပုံလဲရှိတယ်။ ဂူဘုရား မျက်နှာကြက်ပေါ်မှာလဲ ရေးဆွဲထားတတ်တယ် (ပုံ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နဲ့ ၁၅ကြည့်)။ ခရစ် ၁၂၉၄ ရက်စွဲပါ ပုဂံကျောက်စာ (သန်းထွန်း ၁၉၇၈၊ ၆၇)မှာ

အထူ ၂ ဆန်ကြွယ်သော ခြိယ်ရာတစ်ရှုယ်နှင့် ရှုဖွယ်နှင်ဟိသော ဆိယ်ရိယ်၏ (တင်၊ လုစ် ၁၉၃၉၊ ပုံ၊ တတိယ ၁၈၃/၇)

လို့ ရေးထားတာရှိပါတယ်။

mgyoe.com
mgyoe.com


mgyoe.com

ပုံ(၁၀)




၁၃ ရာစုနှစ်၊ ပုဂံ၊ ဝက်ကြီးအင်း ဂူပြောက်ကြီး မျက်နှာကြက်ပေါ်က ဗုဒ္ဓခြေတော်ရာ။

ပုံ(၁၁)



၁၃ ရာစုနှစ် ပုဂံ ဘုရားအမှတ် ၄၃၇ အဝင်မုခ် မျက်နှာကြက်ပေါ်က ဗုဒ္ဓခြေတော်ရာ (အိုနိုရဲ့ အိဂိုဥ ၁၉၇၈၊ ပုံ ၁၇၁၊ စာ ၁၀၈)။

ပုံ(၁၂)



ပုဂံ၊ တောင်ဘီ၊ ပိဋကတ်တိုက် ၁၈ ရာစုနှစ်နံရံပန်းချီ၊ ဗုဒ္ဓခြေတော်ရာ တစ်စုံ (အိုနိုရဲ့ အိဂိုဥ ၁၉၇၈၊ ပုံ ၂၀၈၊ စာ ၁၂၆)။

သုတ်ပါသေယျဋီကာ၊ ဇိနာလင်္ကာရဋီကာ၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ မြန်မာတွေအသုံးပြုတဲ့ ဗုဒ္ဓလက္ခဏာတော်ကြီး ၁၀၈ ကွက်ကို တွေ့နိုင်ပါတယ် (ဩဘာသ ၁၉၅၅၊ ၁၉၀-၁၉၁)။ ဝါဆိုဆရာတော် မဟာရဋ္ဌသာရ (၁၄၆၈-၁၅၃၀)နဲ့ တောင်တွင်း ဆရာတော် (၁၈မတ်၁၉၃၈ပျံလွန်)တို့က ဒီအကြောင်းအရာ (ခြေတော်ရာ) ဘုရားရှိခိုးစပ်ထားတာ ရှိပါတယ် (စောလွင် ၁၉၈၄)၊ ခြေတော်ရာစာရင်းတွေ အမျိုးမျိုးရှိလို့ ဘယ်စာရင်းမှ တစ်မျိုးနဲ့တစ်မျိုး

mgyoe.com

mgyoe.com


ပုံ(၁၃)



အမရပူရ၊ ရွှေဂူသာအဝင် ကုန်းပေါက်မျက်နှာကြက်မှ ခရစ် တစ်ဆယ့်ရှစ်ရာစုနှစ်က ရေးဆွဲခဲ့တဲ့ ဗုဒ္ဓခြေတော်ရာ တစ်စုံ၊ (အိုနိုမဲ့ အိနိုဥ ၁၉၇၈၊ ပုံ ၂၅၈)။

ပုံ(၁၄)က




အမရပူရ၊ ကြေးလက်ဆက်ဘုရားကျောင်းရှိ ခရစ် တစ်ဆယ့်ကိုးရာစုနှစ် ဒုတိယနှစ်အစိတ်အတွင်း ကျောက်ထွင်းဘယ်ဘက် ခြေတော်ရာ၏ မင်ကူးပုံ (စောလွင် ၁၉၈၄)။

မတူလို့ ပြောရပါတယ်။ ပုံဖော်ပြတဲ့ အခါမှာလဲ ဆင်တူမရှိပါ။ နည်းနည်းကွဲပြားခြားနားချက်တွေ ရှိပါတယ်။ ၁၀၈ ကွက်က -

၁။ လှံ တစ်
၂။ အိမ်မွန် တစ်
၃။ ဥဆောက်ပန်း တစ်
၄။ လည်ရေး သုံးဆင့်
၅။ ဝတံသကပန်း တစ်ပွင့်
၆။ စာသောက်ဖွယ် တစ်လင်ပန်း
၇။ ရွှေသလွန် တစ်
၈။ ရွှေဆင်ချွန်း
၉။ ရွှေအမိုး ဘုံအဆင့်ဆင့်နဲ့ တရားဟောခန်းမ
၁၀။ ရွှေမုခ်ဝ
၁၁။ ထီးဖြူ နှစ်စင်း
၁၂။ သံလျက် တစ်စင်း
၁၃။ ပေရွက်ယပ်


mgyoe.com

ပုံ (၁၄)ခ



အမရပူရ၊ ကြေးလက်ဆက်ဘုရားကျောင်းရှိ ဘယ်ဘက်ခြေတော်ရာရဲ့ အလယ်စက်ပါ အရုပ်တွေကို ပိုပြီး ထင်ထင်ရှားရှား မြင်သာအောင် ကွက်ပြီး မင်ကူးယူထားပုံ (စောလွင် ၁၉၈၄)။

ပုံ(၁၄)က




အမရပူရ၊ ကြေးလက်ဆက် ဘုရားကျောင်းရှိ ဘယ်ဘက်ခြေတော်ရာရဲ့ အလယ်စက်ပါ အရုပ်တွေကို ခြေတော်ရာ ဘုရားရှိခိုးနဲ့ တိုက်ဆိုက်ပြီး အရုပ်အမည် ဖော်နိုင်အောင် ဂဏန်းအမှတ်ပေးထားပုံ။

၁၄။ ဒေါင်းမြီးယပ်
၁၅။ စာမရီသားမွေးယပ်
၁၆။ ရွှေနဖူးစည်း တစ်
၁၇။ မြသပိတ် တစ်
၁၈။ ပတ္တမြား တစ်ပွင့်
၁၉။ ပန်းကုံး တစ်ကုံး
၂၀။ ကြာညို တစ်ပွင့်
၂၁။ ကြာဖြူ တစ်ပွင့်
၂၂။ ကြာနီ တစ်ပွင့်
၂၃။ ပဒုမ္မာကြာ တစ်ပွင့်
၂၄။ ပုဏ္ဍရိက်ပန်း တစ်ပွင့်
၂၅။ ရေအိုးပြည့် တစ်လုံး
၂၆။ ရေပြည့်ဖလား တစ်လုံး

mgyoe.com



ပုံ(၁၅)က




ပုံ (၁၅)ခ

အမရပူရ တောင်သမန်ကျောက်တော်ကြီး၊ ခရစ် တစ်ဆယ့်ကိုးရာစုနှစ်လယ်က ဗုဒ္ဓဘယ်ဘက် ခြေတော်ရာ နံရံဆေးရေးပန်းချီ။

အမရပူရ တောင်သမန်ကျောက်တော်ကြီး ဘယ်ဘက်ခြေတော်ရာပါ အရုပ်တွေကို လွယ်လွယ်နဲ့ အမျိုးအမည်ဖော်နိုင်ဖို့ ဂဏန်းအမှတ် ပေးထားပါတယ်။

၂၇။ သမုဒ္ဒရာ လေးစင်းသင်္ဘောနှ်
၂၈။ စကြဝဠာတံတိုင်းသင်္ဘောနှ်
၂၉။ မြင့်မိုရ်တောင်သင်္ဘောနှ်
၃၀။ နေဝန်း (ဒေါင်းတံဆိပ်)
၃၁။ လဝန်း (ယုန်တံဆိပ်)
၃၂။ စန္ဒြစက်
၃၃။ အရှေ့လခြမ်း
၃၄။ အနောက်စက်ဝန်း
၃၅။ တောင်ကျွန်းတြိဂံ
၃၆။ မြောက်ကျွန်း စတုဂံ
၃၇။ စကြာမင်း
၃၈။ လက်ယာရစ် ခရုသင်း
၃၉။ ရွှေငါး နှစ်ကောင်
၄၀။ စကြာလက်နက်
၄၁။ ကိန္နရာ တစ်ကောင်
၄၂။ မိကျောင်း တစ်ကောင်

mgyoe.com

mgyoe.com

၄၃။ တံခွန်ကုက္ကား တစ်ခိုင်
၄၄။ ထမ်းစင်
၄၅။ ရွှေသားမြီးယပ်
၄၆။ ကေလာသတောင်တန်းပုံ
၄၇။ ခြသေ့် တစ်စီး
၄၈။ ကျား တစ်ကောင်
၄၉။ မြင်းပျံ တစ်ကောင်
၅၀။ ဆင်ဖြူ တစ်စီး
၅၁။ နဂါး တစ်ကောင်
၅၂။ ရွှေဟင်္သာ တစ်ကောင်
၅၃။ နွားလားဥသဘ တစ်ကောင်
၅၄။ ခေါင်းသုံးလုံးရှိတဲ့ ဧရာဝဏ်ဆင်
၅၅။ ပင်လယ်မကန်း (မိကျောင်း)
၅၆။ ခေါင်းလေးလုံးနဲ့ ဗြဟ္မာ
၅၇။ ရွှေလှေ
၅၈။ နွားမနဲ့နွားငယ်
၅၉။ ကိန္နရာ (အထီး)
၆၀။ ကိန္နရီ (အမ)
၆၁။ ဥသြငှက်
၆၂။ ဒေါင်းငှက်
၆၃။ ကြိုးကြာငှက်
၆၄။ ဟင်္သာ
၆၅။ ဖင်ယော်
၆၆-၇၁။ နတ်ပြည်ခြောက်ထပ်
၇၂-၈၇။ ဗြဟ္မာဘုံတစ်ဆယ်ခြောက်ထပ်
၈၈-၉၄။ တောင်စဉ်ခုနှစ်ထပ်
၉၅-၁၀၁။ ရေအိုင်ကြီး ခုနှစ်အိုင်
၁၀၂-၁၀၈။ စိမ့်ကြီးခုနှစ်စိမ့်

mgyoe.com

mgyoe.com


အဲဒါတွေအားလုံးကို လက်ယာရစ်ရစ်ပြီး လက္ခဏာတော်ကြီး ၁၀၈ ကွက်ရေးတဲ့အခါ ၁၃၆ ကောင်ပါတဲ့ စက်ကွင်းနှစ်ထပ်ရေးဆွဲရပါတယ်၊ (ပုံ ၇ ကိုကြည့်)။ ဗုဒ္ဓဘုရားလောင်းရဲ့ နုစဉ်ဘဝတွေကို ဖော်ပြနိုင်ဖို့ အစီအစဉ်မှာ ငှက်နဲ့သတ္တဝါတစ်ဆယ့်ခြောက်ကောင်ပဲ ဖော်ပြရင် လုံလောက်ပါတယ်။ ဘာ့ကြောင့် ဒီလိုပိုင်းဖြတ်တယ်လို့ မသိပါ (စောလွင် ၁၉၈၄)။ အရုပ် ၁၃၆ ကောင်က

| | | | |
|---|---|---|---|
| ၁။ | ခြသေ့်နဲ့တူတဲ့အကောင် | - | ၁၅ |
| ၂။ | ကိန္နရာ၊ ကိန္နရီ (ငှက်ကိုယ်၊လူခေါင်း) | - | ၄ |
| ၃။ | သာလိကာငှက် | - | ၇ |
| ၄။ | ကျွဲ | - | ၈ |
| ၅။ | နွား | - | ၁၄ |
| ၆။ | ကြိုးကြာ | - | ၁၆ |
| ၇။ | ဥသြ | - | ၅ |
| ၈။ | ဟင်္သာ | - | ၉ |
| ၉။ | ဆင် | - | ၁၁ |
| ၁၀။ | ကြက် | - | ၁၂ |
| ၁၁။ | ဝက် | - | ၁၃ |
| ၁၂။ | မြင်းပျံ | - | ၁ |
| ၁၃။ | မျောက် | - | ၁၀ |
| ၁၄။ | ကြက်တူရွေး | - | ၃ |
| ၁၅။ | ဥဒေါင်း | - | ၂ |
| ၁၆။ | ခို | - | ၆ |
| | ပေါင်း | | ၁၃၆ |

(ပုံ-၇)ရုပ်ပုံတွေထဲမှာတော့ ဖြစ်တော်စဉ်သတ္တဝါတွေကို ကြိုးကြား၊ ဟင်္သာ၊ ခို၊ ကြက်တူရွေး၊ ကိန္နရာ၊ မနုသီဟ၊ မျောက်၊ ဆင်၊ နွား၊ မြင်းပျံ၊ ကျွဲ၊ ဥဒေါင်း၊ သာလိကာ၊ ကြက်၊ ဝက်တို့ အစဉ်လိုက်ဖော်ပြထားပါတယ်။

×××

mgyoe.com

mgyoe.com

မြန်မာတွေရဲ့ ခြေတော်ရာကို ပထမဆုံးတွေ့ရတာကတော့ ၁၂ ရာစုနှစ် လောကနန္ဒာ၊ (ပုဂံ)မှာ ရှိပါတယ် (ပုံ ၄ ကြည့်)။ ဒီပုံတွေကို ကျောက်မှာလဲ ထွင်းတယ်၊ သစ်သားပြားနဲ့ ဂူနံရံပေါ်မှာလဲ ရေး(ထွင်း)တယ်။ ဘုရားကျောင်း မျက်နှာကြက်ပေါ်မှာလဲ ရေးလေ့ရှိပါသေးတယ်။ ရွှံ့ပြား (မြေပုံဘုရား) ငယ်ငယ်နဲ့ ခြေတော်ရာတွေကို တပေါင်းလ (ဧပြီလ) ဘုရားပွဲချိန်မှာ ပူဇော်ဖို့ ရောင်းချလေ့ရှိပါတယ်။

(၁-၁၅ ဩဂုတ်၊ ၂၀၀၃)

❑

mgyoe.com

mgyoe.com

## မံဘုရား

*[ ဂျပန် ကရိုရှိမာ တက္ကသိုလ်ထုတ် ရှိရိုကုမဂ္ဂဇင်း အတွဲ-၁၃၊ (နိုင်ဝင်ဘာ ၁၉၈၀) စာမျက်နှာ ၂၁-၃၆ အင်္ဂလိပ်ဘာသာနဲ့ ရေးသားထုတ်ဝေပြီး စာတမ်းရဲ့ မြန်မာပြန်) ]*

ပင်းဒယမြို့ ကန်ထောင့်ကျောင်း၊ ရန်အောင်ကျောင်း၊ စေတီကြီး ကျောင်းကို ကျွန်တော် ၁၉၆၅ က ရောက်သွားပြီး များသောအားဖြင့် ရက်စွဲ ပါတဲ့ မံဘုရားတွေကို စာရင်းတင်ခဲ့ဖူးပါတယ်။ (စာတမ်းရေးပြီး ကန်သာစိမ်း လှဲ့အဖွဲ့ ၅ စက်တင်ဘာ ၁၉၆၅ အစည်းအဝေးမှာ ဖတ်ပါတယ်။) ချင်းတွင်း မြစ် အနောက်ဘက်ကမ်း ဆင်ရှင်ရွာမှာ မံဘုရား အစုအပုံလိုက် တွေ့ပြန်လို့ စာတမ်းရေးပြီး ၁၈ မတ် ၁၉၆၈မှာ ရန်ကုန်၊ တတိယနှစ်လည်း သုတေသန ကွန်ဂရက်မှာဖတ်တယ်။ နယ်လှဲ့ရာဇဝင် အတွဲ (၁)၊ စာမျက်နှာ ၇၉-၁၂၁မှာ ထည့်သွင်းဖော်ပြပြီးဖြစ်ပါတယ်။ မံဘုရားပြုလုပ် ပူဇော်ရတာရဲ့ အကြောင်းအရင်းက ဘုရားပွဲအချိန် ရပ်ထဲရွာထဲမှာ ကိုယ်စားတော်ကို စီတန်း လှည့်လည်တဲ့ လူတန်းရှေ့က ပင့်ဆောင်လာဖို့ ပေါ့ပေါ့ပါးပါး စီမံပြုလုပ်တာ ဖြစ်မယ်။ တရုတ်နိုင်ငံမှာတော့ ဒီလိုလမ်းလျှောက်ပွဲမှာ ဘုရားဆင်းတုကို လူတန်းထိပ်က ပင့်ဆောင်လာတာကို တောင်ပိုင်းမင်းဆက်လက်ထက်က စမယ်လို့ထင်ရကြောင်း၊ ပီကင်းလူမျိုးရေးစာပေတိုက် ၁၉၅၆ ထုတ် ဂေါတမ ဗုဒ္ဓပုံတော်နဲ့ ရုပ်တုကျမ်းဦးစကားမှာ ဖတ်ရဖူးပါတယ်။

mgyoe.com

mgyoe.com



ပုံ (၁)
မံဘုရား ပြုလုပ်တဲ့အခါ အမည်းက နွံ၊ နွံ့ကို ထုတ်လိုက်တော့ အစက်နဲ့ ပြထားတဲ့ လိုင်းအတိုင်း သစ်စေးသား ရိုးအခွံအကျန်ခဲ့တယ်။ ပုံဖမ်းပြီးတဲ့ အခါ တစ်ဖက်က ပြထားတဲ့အတိုင်း မံဘုရား ဖြစ်သွားပါတယ်။

မြန်မာတွေကတော့ ဒီလိုမံဘုရားတွေကို ဆိုင်ထမ်း ထမ်းပိုးထမ်းနဲ့ အရပ်တကာ လည်ပြီးရောင်းတယ်။ ဘယ်သူဖြစ်ဖြစ်၊ ကုသိုလ်ကောင်းမှုပြုတဲ့ အနေနဲ့ဝယ်ပြီး အိမ်မှာဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ်၊ တင်လှူကိုးကွယ် ကြတယ်။ ဒါယကာက ဘုရားရဲ့ ကျော၊ တင်နဲ့ ပေါင်တော်မှာ မိမိအမည်နဲ့ ဝယ်ယူပူဇော်တဲ့ နေ့စွဲကို ရေးတဲ့ ဓလေ့ရှိတယ်၊ ဒါလောက်လုပ်ရုံနဲ့ ဝယ်သူဟာ ဘုရားဒါယကာ အခေါ်ခံရနိုင်တယ်။ ဒီလို အခေါ်ခံချင်လို့ လုပ်ကြတာ ဖြစ်မယ် ထင်ပါတယ်။ ရောင်းသူတွေက မြို့ကြီးပြကြီးနဲ့ ဝေးကွာတဲ့နေရာနဲ့ ရှမ်းပြည်နယ်မှာ သွားရောင်းကြတာများတယ်။ မံဘုရားလုပ်တဲ့နေရာတွေက ရေဦးမြို့ ဝန်းကျင်က ရွာတွေမှာ ဖြစ်ပါတယ်။ *[A.Williamson:Burma (Myanmar) Gazetteer: Shwebo District,*၁၉၂၉က ထွက်တဲ့ကျမ်းကို ၁၉၆၃ ပြန်ပုံနှိပ်တဲ့ စာအုပ်စာမျက်နှာ ၁၄၅-၆မှာကြည့်ပါ)] ရွာနာမည်တွေက

mgyoe.com

mgyoe.com




**၁၈"၊ ၉၄" နဲ့ ၆" ဉာဏ်တော် ဆင်းတုများ**

မံဘုရား လည်ရောင်းသူတွေရဲ့ ပန်းထမ်းတစ်ဖက်စီမှာ ဆင်းတုကြီး၊လတ်-တော်- ၃ ဆူစီ ၄ စုံ (၁၂ ဆူ)၊ တစ်ထမ်းမှာ ၈ စုံ (၂၄ ဆူ) ထည့်သွင်း ယူဆောင်နိုင်တာကိုပြတဲ့ ပုံကြမ်း။

ကူဖြူ
စည်သာမြေ
နဘက်အိုင်
ဖလံခုံ
မလွယ် (ဟသ်ာရွာ)
မဲအိုး
ရွာသစ်
လင်းစရက်ကုန်း
လိမ်တော
အင်းပုတိုး

တို့ဖြစ်ပါတယ် (*GUBSS*, II, ii, စာမျက်နှာ ၁၃၈ ကြည့်ပါ)။ ရှေးအနောက် မြောက်ရှစ်မိုင်ကွာ စည်သာမြေက ဒီလုပ်ငန်းတစ်ခုလုံးရဲ့ ဗဟိုချက်မအရ ဖြစ်မယ် ထင်ရပါတယ်။ ဒီလုပ်ငန်းမှာ အရေးအပါဆုံးပစ္စည်းက သစ်စေးဖြ တယ်။ စည်သာမြေနဲ့ ဆယ်မိုင်လောက်ကွာတဲ့ ဂဒူးဝန်းကျင်က တောတွေမှ သစ်စေးကောင်းကောင်း ရနိုင်ပါတယ်။

လယ်သမားတွေပဲ မံဘုရားလုပ်ကြတာဖြစ်လို့ ကောက်ရိတ်သိမ်းပြီး (အောက်တိုဘာ၊ နိုဝင်ဘာလတွေရောက်မှ) ဒီကိစ္စကို ကိုင်နိုင်ကြပါတယ် အဲဒီအခါဆိုရင် ရာသီဥတုက မပူမခြောက်၊ အနေတော်ဖြစ်ပါတယ်။ ရွှံ့ သိပ်ထိုင်းမှိုင်းတဲ့ရာသီကို မကြိုက်သလို၊ သစ်စေးကလဲ ခြောက်သွေ့လွန်း

mgyoe.com

mgyoe.com


၁၄"၊ ၉၃/၄" နဲ့ ၆" ဉာဏ်တော် ဆင်းတုများ



မအိပ်နိုင်ပါ။ မံဘုရားရုပ်ပွားတော်တစ်ဆူကို တစ်လနီးပါးကြာအောင် လုပ်ရတယ်။ ရုပ်ပွားတော်တွေကို လူတစ်ယောက်ဟာ တစ်ရာသီတွင်းမှာ ဆူရေသုံးဆယ်က သုံးဆယ့်ငါးထိ ပြီးစီးအောင် လုပ်နိုင်ပါတယ်။ ပခုံးထမ်းနဲ့ အရုပ်တကာလှည့်ပြီး ရောင်းဖို့ ဒီဇင်ဘာ၊ ဇန်နဝါရီလတွင်းမှာ ရနိုင်ပါတယ်။ မံဘုရား ကိုင်သူတွေက အချိန်ပြည့် ဒါကို လုပ်စားသူတွေ မဟုတ်ပါ။ ယာသမား၊ လယ်သမားတွေက အားတဲ့အခါလုပ်ကြတာပါ။ ဒါပေမဲ့ လက်ရာသန့်တယ်၊ (ဘုရားဆင်းတုရဲ့) မျက်နှာတော်တွေက သိပ်ပြီး ကြည်ညိုစရာဖြစ်နေတယ်၊ ဘာပြုလို့လဲဆိုတော့ အကြမ်းထည်ကို သူသူငါငါလုပ်ရဲကိုင်ရဲပေမယ့် မျက်နှာတော်ဖွင့်မယ်ဆိုရင်တော့ ''ပုံဖမ်း'' ရာမှာ တကယ်တော်တဲ့ လူတွေ ဝင်ကိုင်ပေးလေ့ရှိပါတယ်။ အကြမ်းထည်ကိုတော့ လယ်သမားပန်းပုဆရာကို ရွံ့စေးကိုနယ်ပြီး ဘုရားပုံတော်ကြမ်းကို အခြေခံလုပ်ပေးရတယ်။ အဲဒီအလုပ်ကို ဝိုင်းဝန်းညီညာဆောင်ရွက်တဲ့ပုံစံနဲ့ အားလုံး (ကိုယ်တတ်နိုင်သလောက်) ပါဝင်တယ်။ ဒီအကြမ်းထည်ပြီးပြီဆိုမှ ''ဆရာသမား'' ကဝင်ပြီး အချောကိုင်ပေးပါတယ်။ အဲဒီ(မံဘုရား) ခေါင်းပွတွေကို ဆိုင်းထမ်း ထမ်းပိုးထမ်းမှာ နိုင်သ၍ နှစ်ဖက်မျှတင်ပြီး အရောင်းသမားက ပခုံးမှာထမ်းပြီး ဒီဇင်ဘာနဲ့ ဇန်နဝါရီလအတွင်းမှာ အရုပ်ရုပ်ကို လည်ရောင်းပါတယ်။ ဧပြီ–မေလကျတော့ ကိုယ့်အရပ်ကိုယ်ပြန်ပြီး၊ ထွန်းရေးထွန်တံပြင်ပြီး၊ လယ်ထဲဆင်းရတယ်။ ဒါမှမဟုတ်ရင် ပျိုးထောင်ပျိုးနုတ် လယ်ထွန်ကောက်စိုက်ဆိုတဲ့ နှစ်စဉ်လုပ်နေကျ လယ်သမားဘဝကို ပြန်ဝင်ကြရပါတယ်။ အခုအခါမှာတော့ မံဘုရားလုပ်သူ

mgyoe.com




သိပ်နည်းသွားပါပြီ၊ လုပ်တတ်လို့ လုပ်ရင်လဲ ရှမ်းပြည်နယ်ဈေးကွက်အတွက် နည်းနည်းပဲ လုပ်ကြရပါတော့တယ်။ ၁၉၇၉ ခုနှစ်မှာ မံဘုရားလုပ်နိုင်သူ၊ လုပ်သူဆိုလို့ -

ဦးဘရှိန် (၅ ဩဂုတ် ၁၉၀၆၊ တနင်္ဂနွေသား)

ဦးစံမှီ (၅မတ် ၁၉၁၄၊ ကြာသပတေးသား)နဲ့

ဦးပြည် (၁၄မတ်၁၉၉၀ပြည့်၊ ဗုဒ္ဓဟူးသား)တွေပဲ ရှိပါတော့တယ်။ ဦးသောင်း-ရှေဦးက အခုပြောတဲ့ရွာတွေမှာ မံဘုရားကိုလုပ်တာ ခရစ်တစ်ဆယ့် ရှစ်ရာစုနှစ်ထက် မစောနိုင်ပါဘူးလို့ မှန်းဆပါတယ်။ ဘုရားထမ်းဖို့ လူငှားရတဲ့ အခါ ခရီးသွားရက်ကို လေးလလို့ သတ်မှတ်ပြီး ခရီးတစ်ခေါက်အတွက် အခငွေကို ''ဗိုလ်ပြန်တပ်ပြန်'' မှ ပေးမယ်လို့ပြောပြီး ငှားပါတယ်။ အခက ငွေလေးဆယ့်ငါးကျပ်ဖြစ်ပါတယ်။ 'ဗိုလ်ပြန်တပ်ပြန်' ဆိုတဲ့ စကားက ခြေခင်း လက်ခင်းသာတဲ့ သီတင်းကျွတ်က စစ်စထွက်ပြီး မိုးမကျမီ ကဆုန်လ စစ်ပြန် ဝင်လာတဲ့ဓလေ့ကို ကုန်းဘောင်မင်းဆက် အလယ်ပိုင်း တစ်ဆယ့်ရှစ်ရာစု နှစ်လယ်လောက်က ခပ်တွင်တွင်သုံးစွဲခဲ့တယ်လို့ တွေ့ရတာနဲ့ ယူပြီး သုံးစွဲ လိုက်တာဖြစ်ပါတယ်။ ဒီရက်စွဲဟာ မံဘုရားထုတ်လုပ်တာနဲ့လဲ ဆီလျှော်မယ် ထင်ရပါတယ်။ ၁၀ စက်တင်ဘာ ၁၇၆၅ ရက်စွဲပါ ရှေးအကျဆုံး မံဘုရားကို ဘုတလင်အနားက ညောင်ကန်မှာ တွေ့ရပါတယ်။ [ယခု မန္တလေးဆိုင်တန်း ဒေါက်တာသိန်းအောင်ဆီမှာ ရှိပါတယ်။ (ဓာတ်ပုံရိုက်ခွင့်မရပါ။)] နောက် တစ်ခု ၂ ဒီဇင်ဘာ ၁၇၇၂ ရက်စွဲပါတဲ့ ဆင်းတုတော်တစ်ဆူကို ပင်းဒယ ရန်အောင်ကျောင်းမှာ ရှိပါတယ် (နယ်လှည့်ရာဇဝင်၊ ပထမတွဲ၊ စာမျက်နှာ ၁၀၃)။

mgyoe.com

mgyoe.com


အခုအခါ မံဘုရားကို ဘယ်သူမှလဲမလုပ်၊ ဘယ်သူမှလဲ မပူဇော်တဲ့ အပြင် လုပ်တတ်သူအားလုံးလိုလို ကွယ်လွန်ကုန်ကြပြီဆိုတော့ မံဘုရားလုပ်နည်း ကို အသေးစိတ် ဖော်ပြလိုက်ပါတယ်။

(၁) ဆယ့်နှစ်ရာသီပင် (Theretia Peruviana) အကိုင်းဖြောင့်ဖြောင့် တစ်ကိုင်းယူပြီး ကိုယ်လိုချင်သလောက် ဉာဏ်တော်အမြင့်ရှိတဲ့ ဆင်းတုတော် အရပ်ကို ဖြတ်ယူလိုက်ပါ။ ရွှံ့ရုပ် လုပ်တဲ့အခါ အခုဖြတ်ထားတဲ့ သစ်ကိုင်းကို အလယ်မဏ္ဍိုင်အဖြစ် အသုံးပြုပါ။ ဒီသစ်ကိုင်းမှာ ရွှံ့နဲ့ထိုင်တော်မူဘုရားတစ်ဆူ (သို့မဟုတ်) ရပ်တော်မူဘုရား (သို့မဟုတ်) လျောင်းတော်မူဘုရားတစ်ဆူ ပုံပေါ်အောင် ပုံကြမ်းလုပ်ပါ။ ရွှံ့မခြောက်မီ သံလက်၊ မန်ကျည်းနှစ် သစ်သား လက်တစ်မျိုးမျိုးကို သုံးပြီး ရုပ်သဏ္ဌာန်ပေါ်အောင် မလိုတဲ့နေရာက ရွှံ့ကိုလှီး ထုတ်၊ လိုတဲ့နေရာမှာ ရွှံ့ဖို့ပါ။ အဲဒီအခါ ကောက်ရိုးပြာကို ပြုပြင်တဲ့ နေရာ ပေါ်က ခပ်များများ ဖြူးပေးပါ။

(၂) သစ်စေးကို ကျွန်းသားဖြတ်တဲ့ လွှစာနုနု၊ ထမင်းရည် (ထမရေ) နဲ့ ဖျော်ပြီး သုံးလို့ကောင်းရုံ အပျစ်အကျဲရအောင် မှန်းပြီ ကျိုချက်ထားပါ။ လက်ကို ရေနံချေးဆွတ်ပြီးမှ အခုလို ကျိုထားတဲ့ သားရိုးကို အသုံးပြုဖို့ လိုသလောက် ကောက်နှိုက်ယူပါ။ သားရိုးဆိုတာ ကျဲ၊ နွား၊ အရိုးကိုမီးကင်၊ အမှုန့်ထောင်း၊ သစ်စေးနဲ့နယ်၊ ဒီလိုလုပ်ထားလို့ သားရိုးလို့ နာမည်ပေးထားတာ ဖြစ်ပါတယ် (Williamson, Shwebo, စာမျက်နှာ ၁၄၆ ကြည့်ပါ။) အဲဒီ သားရိုးကို ရွှံ့ရုပ်အကြမ်းပေါ်ကတင်ပြီး သစ်သားလက်နဲ့ အထူးအပါးညှိပါ။ ပုံပေါ်အောင် ဖော်ပါ။ ထပ်ကာထပ်ကာ သစ်သားလက်နဲ့ ဖိဆွဲ ဆွဲပါ။ ပုံကြမ်းပေါ်မှာ အခုတင်လိုက်တဲ့ သားရိုးထုဟာ အသားပေါ်က အရေပြားတင် နေတာမျိုးနဲ့ သဏ္ဌာန်တူပါတယ်။ တစ်လက်မရဲ့ထက်ဝက်၊ ဒါမှမဟုတ် တစ် လက်မှအထိ ရုပ်တုအရွယ်အစားကို လိုက်ပြီး အခွံကိုထူအောင်လုပ်နိုင်ပါတယ်။ မကြာမီ သားရိုးထဲမှာ ရှိတတ်သမျှ ရေတွေဟာ ထွက်ကျသွားမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ပြီးတဲ့အခါ အတွင်းသားရွှံ့ကို နှိုက်ထုတ်ယူဖို့ ခက်တဲ့ လက်မောင်း၊ လည်ပင်းဆိုတဲ့ နေရာတွေမှာ အလျားလိုက်ဓားနဲ့ ခွဲပါ။ (အထဲက ရွှံ့ကို ထုတ်ပစ်ပါ။) ဒီအခွံ (အကာ)ကောင်းကောင်း ခြောက်သွားအောင် သုံးရက် စောင့်ပါ။


mgyoe.com

mgyoe.com



၁၈"၊ ၉½" ဥာဏ်တော်ဆင်းတုနှစ်ဆူငါးဆူ
ကျောသွင်းကပ်ရေးရာ၌ထားပုံ

ပုံ(၂)က



မံဘုရား လည်ရောင်းသူတွေရဲ့ ပန်း ထမ်းတစ်ဖက်စီမှာ ဆင်းတုနှစ်ဆူစီ၊ ၄ စုံ (ပေါင်း ၈ ဆူ)၊ တစ်ဖက်မှာ ၈ စုံ (ပေါင်း ၁၆ ဆူ) ထည့်သွင်း ယူဆောင်နိုင်တာကို ပြတဲ့ ပုံကြမ်း။

(၃) အလယ်ကသွင်းထားတဲ့ ဆယ့်နှစ်ရာသီသစ်သားကို ဆင်းတုတော်ကိုချပြီး အောက်ကဆွဲထုတ်ပစ်ပါ။ ပြီးတော့ ရွှံ့တွေကိုလဲ အားလုံးစင်သွားအောင် ထုတ်ပစ်ပါ။ စောစောက ပြောသလို လက်၊ လည်ပင်းစတဲ့ နေရာတွေက ရွှံ့တွေကိုလဲ ထုတ်ပစ်ပါ။ ရွှံ့ကုန်ရင် သစ်စေးကိုသုံးပြီး ကွဲကြောင်းကို စေ့ပေးပါ။ ခိုင်ခိုင်ကြီးဆက်တွဲသွားအောင် ကြိုးချည်ပေးထားပါ။ နှစ်ရက် နောက်ထပ်စောင့်ပါ။ နောက်ထပ်အပေါ်ခွံသဘောဖြစ်ဖို့ ရေ၊ သစ်စေး၊ ဖွဲပြာ ၁း၂း၄ အချိုးအတိုင်းရောပြီး သုတ်လိမ်းရင် လူရဲ့ကိုယ်ပေါ်က အရေခွံသဘော မျိုး အခွံကပ်ပေးပါ။ အဲဒါကို သရွတ်ခေါ်ရမယ်။ ဒီသရွတ်ကို သုတ်လိမ်းတဲ့ အခါ သံလက်ကိုသုံးပါ။ ခေါင်းပွ ဘုရားဆင်းတုဖြစ်ပြီ။ ဖွဲပြာဖြူးပြီးမှ ပြုရ ပြင်ရတယ်ဆိုတာ မမေ့ပါနဲ့။ ဒီလို လုပ်တာကို ရေသားရိုးကိုင်တယ်လို့ ခေါ်ပါတယ်။ (ပုံ ၁ ကိုကြည့်ပါ)။

(၄) ချက်ပြီးထားတဲ့ သစ်စေးရယ်၊ သစ်စေးစိမ်းရယ်၊ ကောက်ရိုးပြာ ရယ်၊ ၁း၂း၁ အချိုး ရောစပ်ပါ။ အဲဒီကော်ကို သားရိုးနှလို့ ခေါ်တယ်။ အဲဒီကော်နဲ့ "မျဉ်းတိုမျဉ်းရှည်လိုက်"ပါ။ ဆိုလိုတာက မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နား၊ လက်ချောင်း၊ သင်္ကန်းအခွေအလိပ် ဆိုတာတွေ ဖော်ပါ။ လက်မှာ နှမ်းဆီဆွတ်ပြီးမှ ဒီကော်ကို ကိုင်ပါ၊ သုံးပါ။

(၅) ရုပ်ပွားတော်မြတ်ကို မှန်စီရွှေချ လုပ်တော့မယ်ဆိုရင် နဖူးအထက်က ဆံစပ်နေရာ (သင်းကျစ်)၊ သင်္ကန်းအနား၊ ပလ္လင်တွေကို ထင်ရှားသိသာအောင် သစ်စေးမျှင်မျှင် သေးသေးနဲ့ အရေးအကြောင်းထင်အောင် ဆွဲရတယ်။

mgyoe.com

mgyoe.com


အဲဒီ အရေးအကြောင်းကို ပိုပြီး ထင်ရှားအောင် ရောင်စုံမှန်စကလေးတွေကို လိုသလို အဖြောင့်၊ အကောက်၊ အလိမ်၊ အကွေ့ (မန္ဒလီ)လိုက်ရတယ်။ သစ်စေးတွေ ရုပ်တုပေါ်မှာ တကယ်ခြောက်သွေ့တဲ့အခါ ကျွန်းရွက်၊ ဒဟတ် (Tectona hamiltoniana) ရွက်တွေက ကော်ပတ်လို ခပ်ကြမ်းကြမ်း မျက်နှာပြင်ရှိလို့၊ ကော်ပတ်လို ဒီသစ်ရွက်တွေကို သုံးပြီး အချောကိုင်ပါ။ ဒီလို အချောကိုင်ဆဲ ရေခဏခဏ ပက်ပေးပါ။

(၆) ရုပ်တုတော်ကို သစ်စေးအရည်ကောင်းကောင်း သုတ်လိမ်းပေးပြီး မြေတိုက်ထဲမှာ သုံးရက်ထားပါ။ နောက်လက်နဲ့ ပွတ်တိုက်ပြီး နေလှန်းပါ။ သစ်စေးကောင်းကောင်းနဲ့ နောက်တစ်ကြိမ် သုတ်လိမ်းပြီး မြေတိုက်ထဲမှာ လေးရက်၊ လေးရက်ကျော်ကျော် ထားပါ။ ဟသ်ပဒါး၊ နှမ်းဆီနဲ့ သစ်စေးကို ဖျော်ပြီး ရုပ်ပွားတော်ကို ထပ်လိမ်းပေးပါ။ ဒီလိုလိမ်းတဲ့အခါ အရိပ်ထဲမှာ မလိမ်းရ၊ နေပူတဲ့နေရာမှာ ထုတ်ပြီးလိမ်းပါ။ လေလုံ အမှောင်ခန်းမှာ နောက်ထပ် သုံးရက်ထားပါ။ အဲဒီတော့မှ အခုလို မွမ်းမံထားတဲ့ ရုပ်တုကို ရွှေခံထည်လို့ခေါ်ပါတယ်။ (ရွှေချဖို့ အသင့်ဖြစ်ပြီလို့ ဆိုလိုတယ်)။ ပိုက်ဆံပေးပြီး ပူဇော်မယ့်ဒကာပေါ်မှာ ရွှေချရတယ်။ ရုပ်ပွားတော်တွေကို ထုံးစံအရွယ်အစား လေးမျိုးလုပ်တယ်။ လူတစ်ယောက် ဆိုင်ထမ်းပိုးထမ်းနဲ့ သယ်ယူရင် ရုပ်တု လေးစုံ (အစုစု ရုပ်ပွားတော် တစ်ဆယ့်ခြောက်ဆူ)ကို သယ်နိုင်တယ်။ အလေးချိန်တစ်ဆယ့်ငါးပိဿာ(ငါးဆယ့်လေးပေါင်) ရှိမယ်။ တစ်ဖက်ရှစ်ဆူကို ဆိုင်းထမ်းမှာ ထမ်းပိုးလျှိုပြီး ထမ်းယူဖို့ အသင့်ဖြစ်ပါပြီ။

စည်သာမြေနဲ့ ကူဖြူမှာ (၉၊ ၁၀၊ ဖေဖော်ဝါရီ ၁၉၇၉)က ဒီမံဘုရား လုပ်ငန်းကို သူတို့ကိုယ်တိုင်ပါဝင်လုပ်ခဲ့ဖူးတဲ့ သက်ကြီးရွယ်အိုတွေကို တွေ့ဆုံမေးမြန်းပါတယ်။ သူတို့က -

| | |
|---|---|
| ဦးကျော်သူ | (ဦးဘရှိန်ရဲ့ ယောက္ခမ) |
| ဦးကံထူး | (စည်သာမြေသား) |
| ဦးချမ်းထွေး | (ဦးမောင်လေးဖခင်။ မံဘုရားလုပ်ငန်းရပ်စဲသွားတဲ့ နှစ်ဟာ ၁၉၂၉ ဖြစ်တယ်လို့ အတိအကျပြောသူ) |
| ဦးစံမှိ | (၅ မတ် ၁၉၁၄မွေး၊ အဖ ဦးဘိုးချစ်၊ စည်သာမြေသား၊ အမိ ဒေါ်စံမယ်၊ ဒေါ်စံမယ်ရဲ့ ယောက်ျား ဦးမောင်လေး) |

mgyoe.com


mgyoe.com


ဦးစိုးမင်း (ဦးအံ့ သား)
ဦးတက်ဖြိုး (ဦးချမ်းထွေး ဇနီး ဒေါ်ရွှေတင်ရဲ့ အဖိုး)
ဦးထော်
ဦးတိုက်ကြီး (ဦးချမ်းထွေးဖခင်၊ ဇင်းမယ်ကို မံဘုရားရောင်းဖို့ သွားဖူးတဲ့အပြင် ဇင်းမယ်က မပြန်ဘဲ သုံးနှစ်ကြာ အောင် ဇင်းမယ်မှာ နေခဲ့ဖူးတယ်)
ဦးတိုက်စိုး (ဦးတိုက်ကြီး ညီငယ်)
ဦးနီတာ (ဦးတိုက်ကြီးရဲ့ ဝမ်းကွဲညီ)
ဦးပိုက် (စစ်ကိုင်းမင်း ၁၈၁၉-၁၈၃၇ လက်ထက် ဖလံကွန်း သား မြောက်ဘက်ဝန်ကြီး ဦးကွန်ရဲ့ မိတ်ဆွေ)
ဦးပိုင် (ဦးတိုက်ကြီးရဲ့ ဝမ်းကွဲညီ)
ဦးပွဲ (စည်သာမြေသား)
ဦးပြည် (၁၄ မတ် ၁၉၀၀မွေး၊ မံဘုရားကောင်းလုပ်နိုင်သူ ဦးကြွက်ရဲ့ မြေး၊ မံဘုရား လုပ်နိုင်သူ ဦးထွန်းသာရဲ့ သား၊ အခု ကူဖြူမှာနေ)
ဦးဖိး (အသက်ရှစ်ဆယ်၊ အခု လိမ်တောမှာနေ)
ဦးဘိုးထင် (ဦးတိုက်ကြီး ဝမ်းကွဲညီ)
ဦးဘရှိန် (၅ ဩဂုတ် ၁၉၀၆မွေး၊ ဦးဖိုးဖဲလေးသား၊ စည်သာ မြေနေ)
ဦးဘိုးခါ
ဦးဘိုးချစ် (ဦးစံမှီရဲ့ဖခင်၊ အသက် ၆၆ ကွယ်လွန်)
ဦးဘိုးဖုံကြီး (အသက် ၆၀ ကွယ်လွန်)
ဦးဘိုးဖုံလေး (ဦးဘရှိန်သား၊ အသက် ၆၀ ကွယ်လွန်)
ဦးဘိုးလူ (ဦးဘိုးချစ်ညီဝမ်းကွဲ၊ အသက် ၅၄ကွယ်လွန်)
ဦးမုန်း (ဦးဘိုးဖုံလေး ဖခင်)
ဦးငြိမ်း (ဦးလူကြီးဖခင်)
ဦးလူကြီး (ဦးဘိုးချစ် ယောက္ခမ၊ အသက် ၆၆ကွယ်လွန်)
ဦးသာထွန်း (ဦးတိုက်ကြီးအစ်ကို)

mgyoe.com

mgyoe.com


ဦးသာလှ (ဦးတိုက်ကြီး ညီဝမ်းကွဲ)
ဦးအောင်ကြိမ် (မစွမ်းမသန်၊ အသက် ၉၀)
ဦးအောင်ထွန်း (ဦးတိုက်ကြီး ဦးလေး)
ဦးဇရာ
ဦးအံ (ဦးစိုးမင်းဖခင်)




ပုံ(၂)ယ

မံဘုရားထုလုပ်တဲ့ပညာကို အဖကသား ဆင့်ကဲ ဆင့်ကဲ လက်တွေ့ သင်ကြားပေးလို့ မံဘုရားလုပ်နည်းဆိုပြီး စာနဲ့ အက္ခရာတင်ပြီး ကျမ်းစာ ပြုစုပြီး မထားခဲ့ပါ။ ဆရာ့ခြေရင်းမှာ တပည့်ကလာနေပြီး လက်ထပ်သင်ကြား ပေးခဲ့တယ်လို့လဲ မရှိပါ။ ဒီလုပ်ငန်းကို ၁၇၅၀ လောက်က ဒီနယ်မှာစတင် ဆောင်ရွက်တယ်လို့ မှန်းဆလိုက်ရင် ဖ-သားခုနစ်ဆက် ထွန်းကားခဲ့တဲ့ ပညာ ရပ်လို့ယူဆချင်ပါတယ်။ ဒါကြောင့် အထက်စာရင်းပါ ဦးပိုက်ဟာ ဒီပညာကို တတ်တဲ့ လေးဆယ်မြောက် အလယ်လူ ဖြစ်မယ်။ သူက ဒီလုပ်ငန်းကို တကယ့်တကယ် ဆရာကြီး ဖြစ်လာအောင် ထူးချွန်သူမဟုတ်ပါ။ ပြီးတော့ သူက နဘက်ငယ်သား၊ ဖီးတော (အခုကူဖြူအရှေ့ရွာဆိုးကုန်း) ကိုသွားပြီး ရွှေပန်းထိမ်လုပ်ငန်းကို လုပ်ပါတယ်။ ချမ်းသာပြီး စည်သာမြေက ဒေါ်နှန်းသူနဲ့ အိမ်ထောင်ကျပြီး စည်သာမြေကို ပြောင်းရွှေ့နေထိုင်သူဖြစ်ပါတယ်။ မံဘုရား လုပ်ငန်းကို လုပ်လိုသူတွေ ငွေလိုရင် သူ့ဆီ အရင်းအနှီးအတွက် ငွေချေးယူ ကြရပါတယ်။ ဒါ့ကြောင့် ဒီလုပ်ငန်းမှာ သူကဝင်ပြီး ဘယ်သူဘာလုပ်လို့ ဩဇာပေးခွင့်ရလာပါတယ်။ ဆိုလိုတာက ဘယ်သူက ဘုရားဘယ်နှဆူ သယ်

mgyoe.com

ဆောင်ပြီး ဘယ်နယ်ကိုသွားရောင်းလို့ စိမ်ပေးတယ်။ ဒါကြောင့် ''စည်သာမြေဘုရား၊ 'ပိုက်' ချထားရာ''လို့ စကားပုံ ဖြစ်လာပါသေးတယ်။

တခြားရွာတွေကို ဒီလုပ်ငန်းပြန့်သွားတဲ့အခါ စည်သာမြေနဲ့ မလွယ်ကို ဆရာတင်ကြရတယ်။ ဒီရွာ နှစ်ရွာက လူကို တခြားရွာက လူတွေကပင့်ဖိတ်ပြီး ဆရာတင်ကြ၊ တပည့်ခံကြရတယ်။ ပုံကြမ်းလောင်းပြီး သူတို့ကို ပုံဖမ်းခိုင်းတယ်။ ရုပ်တုလေး၊ အရွယ်လေး တစ်စုံကို ရွံ့နဲ့ စလုပ်တဲ့အခါက ကိုယ်တည်ရင် ငွေသုံးကျပ်၊ လက်-ခြေပုံဖော်ရင် ငွေသုံးကျပ်၊ မှန်စီရင် ငွေသုံးကျပ် ပေးရပါတယ်။ ရုပ်တုတွေကို ခေါ်ကြပုံက ဉာဏ်တော်အလိုက် -

တောင်ပြေ့ (၁၈ လက်မ)
တောင်ဆုပ်၊ ဆီယို (၁၄ လက်မ)
တစ်ဆယ့်နှစ်သစ် (၇ လက်မခွဲ)
တစ်မိုက်၊မိုက်တိုင် (၆ လက်မ)

လို့ခေါ်ကြတယ်။ ဒီအရွယ်တော်တွေကို ဝယ်ယူပူဇော်သူ သိပ်များတယ်။ မှာတဲ့လူတွေရှိရင်တော့ ဆင်းတုအကြီးကြီးတွေလဲ လုပ်ပေးပါတယ်။ အထမ်းသမားတစ်ယောက်ဟာ အရွယ်လေးမျိုး၊ လေးစုံ (အစုစုဆင်းတုတစ်ဆယ့်ခြောက်ဆူ)ကို 'ထမ်းပိုး' သယ်ယူနိုင်ပါတယ်။ တစ်ခါတစ်ရံ ထုံးစံလေးစုံ အပြင် ရုပ်တု ဉာဏ်တော် ကိုးလက်မသုံးမတ်ရှိတဲ့ ရုပ်ပွားတော်လေးဆူနဲ့ ခြောက်လက်မလေးဆူ (အစုစု နှစ်ဆယ့်လေးဆူအထိ) သယ်ယူနိုင်ပါတယ်။

ဒီရုပ်တုတော်တွေ အားလုံးလိုလို ဘုရားထက်ဝယ်ဖွဲ့ (တင်ပလ္လင်ခွေ) ဖြစ်တယ်။ လက်တော်ထားပုံ (မုဒြာ)ကလဲ အထူးပြောဖွဲ့ မလိုတဲ့ ဘူမိဖဿမုဒြာ လက်ယာလက်တော်မြေထိတဲ့ပုံ ဖြစ်ပါတယ်။ ခြေတော်တွေက ဈာနာသနခြေဖဝါးနှစ်ဖက်စလုံး လှန်ထားတဲ့ ဈာန်သမာပတ်ဝင်တဲ့အခါ ထိုင်တော်မူပုံကို တွေ့ရမြဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ မင်းဝတ်ဘုရားလို့ ခေါ်တွင်တဲ့ မကိုဋ်ရှိ သရဖူဆောင်းပြီး စလွယ်နဲ့ဘုရားဆင်းတုကို တွေ့နိုင်ပါတယ်။ ဒါယကာက မှာသလို လုပ်ပေးရတဲ့ သဘောလည်း ရှိပါတယ်။ ဆင်းတုတော် ထိုင်စရာ ပလ္လင်ကလည်း အထွေအထူး ပုံစံမများပါ။ ဆင်တွေ၊ ခြင်္သေ့တွေ၊ ကြာတွေကို နှစ်သက်ရာ မှာယူသလို လုပ်ပေးမှာ ဖြစ်ပါတယ်။ ဒီပင်္ကရာ ဘုရားက

mgyoe.com

mgyoe.com

သုမေဓာရသေ့ကို ဗျာဒိတ်ပေးဟန်၊ ညောင်ပင်အလယ်ထားပြီး သတ္တဌာန (ခုနစ်နေရာ) ကိုလဲ မှာထားသူရှိရင် ပုံသစ်ထုတ်ပြီး လုပ်ပေးမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရား ဥက္ကောင်းတော်၊ လက်တော်၊ ရင်ဘတ်တော်၊ ခါးတော်၊ ခြေတော်စတဲ့ အနေအထားတွေရဲ့ အချိုးကတော့ -

(၁) နဖူးသင်းကျစ်တော်စားဆိုရင် ရှာနာသန တင်ပလ္လင်ခွေ ထိုင်တော်မူတဲ့ မြတ်စွာဘုရားရဲ့ ညဏ်တော်ဟာ၊ ပလ္လင်က နဖူးဆံစပ်အထိ အမြင့်ဟာ ကိုယ်တော်မြတ်ရဲ့ ဘယ်ဒူးထိပ်က ညာဒူးထိပ်ထိရှိတဲ့ အလျားနဲ့တူရတယ်။

(၂) မျက်မှောင်တော်စားဆိုရင် ပလ္လင်က မျက်ခုံးအထိ အမြင့်ဟာ ဒူးနှစ်ဖက်အလျားအတိုင်း တူညီရတယ်။

(၃) နှာသီးတော်စားဆိုရင် ပလ္လင်က မျက်ခုံးအထိ အမြင့်ဟာ ဒူးနှစ်ဖက်အလျားအတိုင်း တူညီရတယ်။

(၄) ပါးစပ်တော်စားဆိုရင် ပလ္လင်က ပါးစပ်တော်ထိ အမြင့်နဲ့ ဒူးတစ်ဖက်က နောက်ဒူးတစ်ဖက်ထိ အလျားနဲ့ တူညီရမယ်။

(၅) မေးဖျားတော်စားဆိုရင် ပလ္လင်တော်က မေးဖျားတော်အထိ အမြင့်ဟာ ဒူးတစ်ဖက်က နောက်ဒူးတစ်ဖက်ထိ အလျားနဲ့ တူရမယ်။

ကျွန်တော့်ကို ဒါတွေရှင်းပြတဲ့ ဦးပြေ့က ရယ်မောရင်း 'ဒကာကို မျှော်ပုံတော်ကတော့ ခပ်လှမ်းလှမ်းကို ကြည့်တော်မူပေမယ့် အတိုင်းအတာကတော့ မထူးပါဘူး' လို့ ပြောလိုက်တယ်။ ပန်းပုဆရာက လက်ဖဝါးတော်ကို မျက်နှာမှာအုပ်ရင် လက်တစ်ဝါးဟာ နဖူးဆံစပ်တော်က မေးဖျားတော်အထိ ရောက်တယ်လို့ ဖြည့်စွက်ပြောပါသေးတယ်။

ရွှေခံထည် ဆင်းတုတော်ဆိုရင် အားလုံးပုံဖော်ပြီးသား၊ ရွှေချဖို့ပဲ ကျန်တယ်။ ရောင်းမယ့်လူတွေက ထမ်းယူသွားဖို့ အသင့်ဖြစ်နေပြီ၊ ပြောခဲ့တဲ့အတိုင်း ဝယ်သူရှိပါမှ ရွှေချပေးမှာဖြစ်တယ်။ ထမ်းယူသွားပြီး ရောင်းမယ့် ဒါယကာက ဆိုင်းထမ်းရဲ့ တစ်ဖက်တစ်ချက်မှာ တစ်ဆယ့်နှစ်ဆူစီထည့်ပြီး (ဒီဇင်ဘာ-ဖေဖော်ဝါရီ၊ ဧပြီ-မေထိ) ခရီးထွက်မယ်။ ဘုရားရောင်းသူတွေက အစုလိုက်ဖွဲ့ပြီး သွားလေ့ရှိပါတယ်။ ခေါင်းဆောင်တစ်ဦးမှာ နောက်လိုက်လေးယောက်ငါးယောက်ပါမယ်၊ သူက ရှမ်းဒေသကို ခေါ်သွားမှာ သေချာသလောက်ရှိတယ်။ ဘာပြုလို့လဲဆိုတော့ ရှမ်းတွေက မံဘုရားကို ပူဇော်ဖို့ ကြိုက်နှစ်သက်တယ်။ မံဘုရားကို ဆိုင်းထမ်းမှာ ထမ်းသွားတဲ့အခါ တစ်ဖက်တစ်ချက်မှာ-

mgyoe.com

mgyoe.com

(က) ၁၈ လက်မှ ဘုရားနှစ်ဆူ
(ခ) ၁၄ လက်မ ဘုရားနှစ်ဆူ
(ဂ) ၉ လက်မ ၃ မတ် ဘုရားနှစ်ဆူနဲ့
(ဃ) ၆ လက်မ ဘုရားနှစ်ဆူ

ပါမယ်။ ၁၈ လက်မ နှစ်ဆူကို ကျောခိုင်းထားမယ်၊ အဲဒီ ၁၈ လက်မ ကိုယ်တော်အတွင်းမှာ ၆ လက်မ ဘုရားတစ်ဆူစီ ထည့်ထားတယ် (ပုံ ၂(က)၊ ၂(ခ)၊ ၂(ဂ) ကိုကြည့်ပါ)။ တစ်ခါတစ်ရံ ဘုရားအရောင်းသမားက ဘုရားဆင်းတုနှစ်ဆယ့်လေးဆူအထိ သယ်ယူသွားတတ်ပါတယ်။ အဲဒီအခါ ၁၈ လက်မရှိတဲ့ ဘုရားထဲမှာ ၉ လက်မ ၁မတ် ဘုရားတစ်ဆူရယ်၊ ၁၄ လက်မရှိတဲ့ ဘုရားတစ်ဆူ၊ ပေါင်း သုံးဆူထည့်ထားမယ်၊ (ပုံ ၃(က)၊ ၃(ခ) ကို ကြည့်ပါ)။ ဒီအတွဲမှာ ဘုရားခြောက်ဆူဖြစ်ပြီး တစ်ဖက်နှစ်တွဲ သယ်ယူနိုင်တဲ့အတွက် တစ်ဖက်မှာ ပေါင်းတစ်ဆယ့်နှစ်ဆူပါမယ်။ နှစ်ဖက်ဆိုရင် နှစ်ဆယ့်လေးဆူဖြစ်ပါတယ်။ နှစ်ဖက်သယ်တဲ့အတွက် ပေါင်းနှစ်ဆယ့်လေးဆူ ဖြစ်မယ်။ သူ့ခါးမှာ အိတ်ရှည်ရှည်ချုပ်ပြီး ဆန်လေးပြည်ကို ခါးပတ် ပတ်သလို ပတ်ထားမယ်။ ခြုံစောင်တစ်ထည်ကိုလဲ ဒီလိုပဲ ပတ်ထားသေးတယ်။ ချက်ဖို့ ကြေးအိုးတစ်လုံး၊ သတ္တုအိုးတစ်လုံး၊ လက်ဖက်ရည်အိုးတစ်လုံး၊ ရေသယ်တဲ့ လက်ဆွဲပုံးတစ်ပုံး၊ ဗီဇနောင်လို့ခေါ်တဲ့ ငါးအံ ခြောက်အံဆင့်၊ ယွန်းအစ်ထဲမှာ ငါးပိ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ဆား၊ ဆနွင်းဆိုတာတွေ နည်းနည်း စီပါဦးမယ်။ ဒီတော့ ဈေးသည် လူတစ်ယောက်ထမ်းသယ်တဲ့ ဝန်ဟာ တစ်ဆယ့်ငါးပိဿာ (ငါးဆယ့်လေးပေါင်) ဖြစ်သွားပါတယ်။ ဒီဝန်ကို ထမ်းပြီး မြေပြန့်မှာ တစ်နေ့ဆယ်မိုင်ခရီး၊ ကုန်းပြင်မြင့်မှာ တစ်နေ့ ခြောက်မိုင်ခရီး ပေါက်တယ်။ မြန်မာမြေပြန့်မှ တန်ခိုးကြီးဘုရားပွဲတိုင်း သူတို့ရောက်သလို ရှမ်းဒေသမှာလဲ ဘုရားပွဲတိုင်းကို ရောက်သွားတတ်ပါတယ်။ ဖေဖော်ဝါရီ-မတ်လ၊ သီပေါ၊ မိုင်းကုန်၊ မိုးမိတ်၊ မိုင်းပွန်ဆိုတဲ့ နေရာတွေကို ဝင်မယ် ရှမ်းဒေသကို တက်မယ်ဆိုရင် လမ်းသုံးလမ်းရှိမယ်။

(၁) တောင်ဘက်မှာသူတို့ ဇာတိရွာကနေပြီး စစ်ကိုင်းကိုသွားမယ်။ ဧရာဝတီကို ရွှေကြက်ယက်က ကူးမယ်။ မြစ်ငယ်၊ ကျောက်ဆည်၊ နွားကူး၊ နတ်ဆိပ် တောင်ကြားလမ်းက တက်တော့ ရင်၊ ပင်းဒယ၊ မိုင်းပွန် (၂၀°၅၀'

mgyoe.com

mgyoe.com

မြောက်၊ ၉၇° ၃၀'အရှေ့)ထိသွားလို့ ပါတဲ့ဘုရားဆင်းတုကျန်နေသေးရင် ကျိုင်းတောင် (၂၀° ၄၅' မြောက်၊ ၉၈° ၂၀' အရှေ့)၊ ကျိုင်းခမ်း (၂၁° မြောက်-၉၈° ၃၀' ရှေ့)က ကျိုင်းတုံ (၂၁°၂၀' မြောက်၊ ၉၉° ၄၀' အရှေ့)ထိ။

(၂) အလယ်လမ်းဆိုတာက ဘုရားရောင်းတဲ့ သူတို့ရွာက ကျောက်မြောင်း၊ ရောဝတီကိုကူး၊ စဥ့်ကူးက သုံးဆယ် (၂၂°၂၀' မြောက်၊ ၉၆°၃၅' အရှေ့)၊ သီပေါ (၂၂° ၄၀' မြောက်)က မောကျောက်ခေါ်တဲ့ ဘော်ကြိုး(သီပေါ အနောက် ခုနစ်မိုင်)။ အဲဒီက မြောက်ဘက်ဖြစ်ဖြစ်၊ မိုင်းကုန် (၂၁°၄၀' မြောက်၊ ၉၇°၃၀' အရှေ့)ကိုသွား၊ ပြီးတော့ မိုင်းဆီ ၂၃°၄၀' မြောက်၊ ၉၈° ၂၅' အရှေ့)၊ သီပေါအရှေ့မြောက်မိုင် ၄၀ အထိ လိုအပ်ရင်သွားတယ်။

(၃) မြောက်ဘက်လမ်းဆိုရင် သူတို့ရွာက ဂဝေါ၊ ဇီးကုန်း၊ ထန်းတစ်ပင်၊ ရောဝတီကိုကူး၊ မန်လယ်ရောက်၊ မိုးမိတ် (၂၃°၅' မြောက်၊ ၉၆°၄၀' အရှေ့)ရောက်ရင်ရောက်၊ မရောက်ရင် သူတို့ရွာကနေ စစ်ကိုင်း၊ မန္တလေး၊ မဒရာ၊ အဲဒီက မိုးကုတ်၊ မိုးမိတ်ထိရောက်သွားပါတယ်။ လမ်းခရီးမှာ ဘယ်ရောက်ရောက် ထမင်းဟင်းချက်ချိန်မှာ နားမယ်၊ ညအိပ်ချိန်မှာ နားမယ်၊ ရောင်းချဖို့ ဆင်းတုတော် ကျန်နေသေးပေမယ့် အိမ်ပြန်ချိန်၊ ကောက်စိုက်ချိန်၊ မေလ၊ ဇွန်လ ရောက်နေပြီဆိုရင် ရောက်ရာအရပ်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကိုဝင်ပြီး လက်ကျန်ဘုရား ဆင်းတုတော်တွေကို အပ်ထားခဲ့ပြီး ပျိုးခင်းစိုက်ခင်း မလစ်ဟင်းရအောင် ပြန်ခဲ့မယ်။ နောက်နှစ်မှ ပြန်လာပြီး အလုပ်ဆက်မယ်။ ကူဖြူရွာသားတစ်ယောက်နဲ့ ဝက်ဘိုးရွာသား တစ်ယောက်ဟာ ကျိုင်းတုံမှာ အိမ်ထောင်ကျပြီး ဇာတိရွာကို ပြန်မလာကြတော့ပါ။ အဲဒီလူတွေတောင် အခုသေကုန်ပြီ၊ မရှိတော့ဘူးလို့ ပြောပါတယ်။ ကူဖြူက ဦးတိုက်ကြီးဆိုရင် ဖင်းမယ်ကိုရောက်ပြီး ဟိုမှာ သုံးနှစ်နေဖူးတယ်။ နောက်တစ်ခေါက် ပြန်သွားဖို့ အန္တရာယ်များလှတယ်ဆိုပြီး ခရီးထပ်မထွက်တော့ပါ။ (ဦးတိုက်ကြီးက ဦးချမ်းထွေးရဲ့ အဖေ၊ ဦးမောင်လေးရဲ့ အဘိုး၊ မံဘုရားရောင်းဖို့ ဦးတိုက်ကြီး ဖင်းမယ်ကို သွားတယ်လို့ ဦးမောင်လေးက ကျွန်တော့်ကို ပြောပြတာ ဖြစ်ပါတယ်)။

နှစ်ဆယ်ရာစုကိုဝင်လာတော့ လူတစ်ယောက် သယ်ယူဖို့ အရွယ်လေး

mgyoe.com

mgyoe.com


မျိုးနဲ့ ဆင်းတု တစ်ဆယ့်ခြောက်ဆူရဲ့ ကုန်ကျစရိတ်ဟာ ကျပ်ငွေ ၁၉၃ ဖြစ်ပါတယ်။

သစ်စေးကောင်းကောင်း ရနိုင်တဲ့ နေရာက ဂဒူးမ၊ တန်ဖိုးက တစ်ပိဿာ ငွေတစ်မတ်၊ ဟင်္သပဒါးက တစ်ကျပ်သားကို ငွေသုံးကျပ်ပေးရတယ်။ ရွှေဆိုင်းက ရွှေတစ်ထုပ်ကို ငါးမူး၊ အားလုံး မန္တလေးမှာပဲ ဝယ်လို့ရတယ်။ အသွားအပြန် လေးလခရီးကို ဘုရားထမ်းလူရဲ့ စားစရိတ်က ငွေ ၂၀ကျပ်၊ အားလုံးကုန်တဲ့ငွေက ၂၅၈ ကျပ်၊ ခေါင်းဆောင်တစ်ယောက်က အထမ်းသမား ငါးယောက်ငှားတယ်ဆိုရင် ငွေ ၁၂၉၀ ကျပ်ကုန်မယ်။ "ဒါကိုရင်းနှီးပြီး ငွေ ၂၁၀၀ ကျပ်ရမယ်၊ အများဆုံးရရင် ငွေ ၂၅၀၀ ကျပ် ဖြစ်ပါတယ်။

နောက်တစ်မျိုးပြောရရင် ခေါင်းဆောင်တစ်ယောက်ဟာ မံဘုရား အထမ်းအဆိုင်း ငါးဆိုင်းက ရတဲ့အမြတ်ငွေဟာ ၈၁၀ ကျပ်က ၁၂၀၀ကျပ် ထိဖြစ်နိုင်တယ်။ အဲဒီခေါင်းဆောင် တစ်ယောက်ဟာ သူ့ညီရင်း၊ ညီဝမ်းကွဲ၊ တူနဲ့သားတွေကို အထမ်းသမားအဖြစ်နဲ့ သုံးနိုင်ရင် ပိုပြီး အမြတ်လက်ကျန် ရှိနိုင်ပါတယ်။ အိမ်အပြန်မှာ သူ့ဝါးတောင်ဝှေးထဲမှာ ဘုရားရောင်းလို့ရတဲ့ ငွေကို ထည့်ပြီးယူခဲ့မှာ ဖြစ်ပါတယ်။ ဦးမောင်လေး (စည်သာမြေ)က ၉ ဖေဖော်ဝါရီ ၁၉၇၅မှာ ပြောပြတာက၊ သူဟာ ၆ဖေဖော်ဝါရီ ၁၉၂၇ တနင်္ဂနွေသား၊ သူ့ဖခင် ဦးချမ်းထွေးက မံဘုရားထုတ်လုပ်တဲ့ ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်တယ်။ သူတို့အဖေက မံဘုရားကို (သူ့အသက် နှစ်နှစ်၊ ၁၉၂၉ ကစပြီး မလုပ်တော့ဘဲ) မံဘုရားလုပ်ငန်း ရပ်စဲခဲ့ပါတယ်လို့ ပြောပြပါတယ်။ ဘာပြုလို့ မလုပ်ဖြစ်သလဲဆိုတော့ ဝယ်မယ့်သူမရှိလို့ ဖြစ်ပါတယ်။ ကျွန်တော့် အထင်တော့ ဗုဒ္ဓဘာသာဝင်တွေက စကျင်ဘုရားငယ်ငယ်လေးတွေကို ပိုပြီး ကိုးကွယ်လိုကြတယ်။ ပြီးတော့ စက္ကူနဲ့ရောင်စုံ ပုံတော်ကားတွေ ပေါ်လာပြီး မှန်ပေါ်မှာပဲ ရောင်စုံရေးဆွဲပြီး ရောင်းနေကြပြီ၊ အဲဒါတွေကို ပိုပြီး ကြိုက်စရာကောင်းတယ်။ ဈေးလဲသက်သာတယ်ဆိုတော့ ၁၉၂၀ ကျော်ကစပြီး မံဘုရား လုပ်ငန်း တိမ်ကောပြီး လုံးဝမေ့ပျောက်တဲ့အထိ ကြုံခဲ့ရပါတယ်။ မံဘုရားမှာ စတင်ပူဇော်ကိုးကွယ်တဲ့ ရက်စွဲ၊ ပူဇော်တဲ့ ဒါယကာ၊ ဇနီး၊ သား၊ သမီး၊ နိဗ္ဗာန်ဆု ဆိုတာလဲ ရှမ်းဒေသမှာ ခေတ်မရှိတော့ပါ။ သစ်နဲ့လုပ်တဲ့ ဘုရား၊

mgyoe.com

mgyoe.com


မှန်ပြားပေါ်မှာ ရောင်စုံရေးထည့်တဲ့ ဘုရားကားတွေက ဈေးကွက် ဝင်လာပါတယ်။ ကျွန်တော် ၂၉ နိုဝင်ဘာ၊ ၁၉၇၈ က မန္တလေး၊ မလွန်၊ နီပါးတန်း၊ ၂၆၂/၄၊ ဦးလှပေါ် ဒေါ်သောင်းမြင့်တို့ ဘုရားရောင်းတဲ့ဆိုင်ကိုသွားပြီး မံဘုရားနေရာကိုယူတဲ့ ကျောက်ဆင်းတု၊ သစ်သားဆင်းတုတွေကို သွားကြည့်ပါတယ်။ မံဘုရားကို မိုးရာသီလုပ်ရင် ကောင်းတယ်၊ မှန်ဘုရား၊ စက္ကူဘုရားက အချိန်စောင့်ဖို့ မလိုပါ။ အဲဒါလဲ မံဘုရားတိမ်မြုပ်ရတဲ့ အချက် တစ်ချက်ဖြစ်ပါတယ်။

မံဘုရားလုပ်ငန်းဟာ မြန်မာနိုင်ငံမှာ ၁၇၅၀ က ၁၉၂၉ထိ ရှိခဲ့ပါတယ်။ လုပ်ငန်းရဲ့ ပင်မဒေသက စစ်ကိုင်းတိုင်း၊ ရေဦးအရှေ့မြောက် စည်သာမြေဖြစ်တယ်။ မံဘုရားကို အများဆုံး ကိုးကွယ်တဲ့ဒေသက ရှမ်းဒေသဖြစ်တယ်။ အထမ်းသမားက အလေးချိန် ပေါင်ငါးဆယ်ရှိတဲ့ ဘုရား ၁၆ ဆူက ၂၄ဆူအထိကိုထမ်းပြီး၊ ကုန်းကြောင်းခြေကျင်ခရီး ကျိုင်းတုံနဲ့ ယိုးဒယားနယ်အထိ ဝင်ပြီး ဘုရားရောင်းတယ်။ ရေဦးက တာချီလိတ်အထိ မိုင်တစ်ထောင်၊ (ရေဦး-ရွှေဘို မိုင် ၂၀၊ ရွှေဘို-မန္တလေး ၇၁မိုင်၊ မန္တလေး-မိတ္ထီလာ ၉၂မိုင်၊ မိတ္ထီလာ-တောင်ကြီး ၁၁၆မိုင်၊ တောင်ကြီး-ကျိုင်းတုံ ၂၈မိုင်၊ ကျိုင်းတုံ-တာချီလိတ် ၃၈၃မိုင်)။ ဘုရားရောင်းတဲ့လူက ခရီးတစ်ခေါက်ကို မိုးမကျမီလေးလမှာ အသွားမိုင်တစ်ထောင် လျှောက်ရဖို့ ရှိပါတယ်။ ဒါကိုလဲ ဒီလုပ်ငန်းကျဆင်းရတဲ့အကြောင်းရင်းမှာ ထည့်စဉ်းစားရမှာ ဖြစ်ပါတယ်။ ပြောခဲ့တဲ့အတိုင်း ဘုရားတစ်ထမ်း ကုန်ကျငွေ ၂၅၈ ကျပ်၊ ရောင်းချတဲ့အခါ အဲဒီတစ်ထမ်းက ငွေ ၄၂၀ ကျပ်က ၅၀၀ကျပ်ထိ ရနိုင်တယ်။ အမြတ်က ၁၆၂ ကျပ်က၂၄၂ ကျပ်ထိ ရနိုင်တယ်။ ၁၉၂၅မှာ လုပ်ငန်း ရပ်စဲခဲ့ရတာက ကျောက်ဆင်းတုနဲ့ စက္ကူပုံတော်ကားတွေ ထိုးဖောက်လာတာကို မတားဆီးနိုင်လို့ ဖြစ်တယ်။ မံဘုရားကို ကမ္ဘာ့ခရီးသွားတွေ ဆုဗိုးနားအဖြစ် ဝယ်ချင်အောင်လုပ်နိုင်ရင် ဖြစ်မလားမသိ၊ စမ်းကြည့်ဖို့ ကောင်းတယ်။ မံဘုရားလုပ်တတ်တဲ့လူကြီးတွေ အသက်ရှစ်ဆယ်ကျော်နေပြီ၊ အဲဒါကိုလဲ ထည့်တွက်ပါ။

(၁၆-၃၁ ဩဂုတ်၊ ၂၀၀၃)

❑

mgyoe.com

mgyoe.com

### ၁၉၂၀ ပြည့်က အရွယ်လေးမျိုး မံဘုရားတစ်ဆယ့်ခြောက်ဆူရဲ့ တန်ဖိုး

| မံဘုရား အရေအတွက် | မံဘုရား အရွယ်ပမာဏ | သစ်စေး ပိဿချိန် | သစ်စေး တန်ဖိုးငွေ | ဟင်္သာပဒါး အချိန် | ဟင်္သာပဒါး တန်ဖိုး | နှမ်းဆီ တန်ဖိုး | ရွှေဆိုင်း အရေအတွက် | ရွှေဆိုင်း တန်ဖိုး | အစုစု တန်ဖိုး |
|---|---|---|---|---|---|---|---|---|---|
| ၄ | ၁၈" | ၁၆ | ၄ | ၁၂ | ၃၆ | | | | |
| ၄ | ၁၄" | ၁၂ | ၃ | ၈ | ၂၄ | | | | |
| ၄ | ၉ ၃/၄" | ၁၂ | ၃ | ၈ | ၂၄ | | | | |
| ၄ | ၆" | ၈ | ၂ | ၄ | ၁၂ | | | | |
| ၁၆ | | ၄၈ | ၁၂ | ၃၂ | ၉၆ | ၁၀ | ၅၀ | ၇၅ | ၁၉၃ |

### ၁၉၂၀ ပြည့်နှစ်မှာ ရောင်းရငွေ အနည်းဆုံး၊ အများဆုံး

| ဘုရား အရွယ် | အနည်းဆုံးရောင်းဈေး (ကျပ်) | | | အများဆုံးရောင်းဈေး (ကျပ်) | | |
|---|---|---|---|---|---|---|
| | တစ်ဆူလျှင် | တစ်ထမ်းလျှင် | အထမ်းငါးထမ်းလျှင် | တစ်ဆူလျှင် | တစ်ထမ်းလျှင် | အထမ်းငါးထမ်းလျှင် |
| ၁၈" | ၄၅ | ၁၈၀ | ၉၀၀ | ၅၀ | ၂၀၀ | ၁၀၀၀ |
| ၁၄" | ၃၀ | ၁၂၀ | ၆၀၀ | ၃၅ | ၁၄၀ | ၇၀၀ |
| ၉ ၃/၄" | ၂၀ | ၈၀ | ၄၀၀ | ၂၅ | ၁၀၀ | ၅၀၀ |
| ၆" | ၁၀ | ၄၀ | ၂၀၀ | ၁၅ | ၆၀ | ၃၀၀ |
| ပေါင်း | - | ၄၂၀ | ၂၁၀၀ | - | ၅၀၀ | ၂၅၀၀ |

mgyoe.com

mgyoe.com

## ဘိသက္ကဂုရု

## (BHISAKKAGURU)

ပင်းဒယဂူထဲမှာ ဆူရေခုနစ်ဆယ်ထက်မနည်းတဲ့ ဆင်းတုတော် တစ်မျိုးကို ဖူးမြင်ရတယ်။ ဒီဆင်းတုတော်မျိုးကို တခြားမှာ တွေ့ဖူးပေမယ့် ဘယ်မှာမှ ဒီဂူထဲမှာလို အရေအတွက်များများ မရှိပါဘူး။ ဒီဆင်းတုတော်မျိုးကို အရင်က ဘယ်လိုခေါ်တယ်၊ ဘယ်လိုအကျိုးလိုလို့ ကိုးကွယ်တယ်ဆိုတာ မသိကြပါဘူး။ အိန္ဒိယရုပ်ပွားဆင်းတုတော်သမိုင်းစာအုပ်တွေမှာ ရှာကြည့်တဲ့အခါ ဒီဆင်းတုမျိုးဟာ အိန္ဒိယနိုင်ငံမှာ အင်မတန်ထင်ရှားတဲ့ ဘဲဂဇ္ဈဂုရု (Bhaigajjhaguru) ဖြစ်တယ်လို့ သိရပါတယ်။ ပါဠိ ဘာသာနဲ့ ဘေသဇ္ဇဂုရု (Bhesajjaguru) လို့ခေါ်မယ်။ ဒါပေမဲ့ ပါဠိကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက ဘိသက္ကဂုရု (Bhisakkaguru) ခေါ်သင့်တယ်လို့ ပြင်ဆင်ပေးပါတယ်။ ဂျပန်မှာတော့ ဒီဆင်းတုကို ယကုရှိညောရဲ့ (Yakushinyorai) လို့ခေါ်တယ်။

×××

ရှေးမြန်မာဗုဒ္ဓရုပ်ပွားတော်တွေ တစ်နည်းနည်းနဲ့ နိုင်ငံခြားရောက်သွားတာတွေ အများကြီးရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော် ဂျပန်နဲ့ ယူအက်စ်အေမှာ ရှိနေတုန်း၊ ချမ်းသာလို့ ရှေးပစ္စည်းစုတဲ့ လူနဲ့တက္ကသိုလ်ပြတိုက်တွေက

mgyoe.com

mgyoe.com




ပုဂံပြတိုက်မှာရှိတဲ့ ဆင်းတုတော်။

ပြခန်းမှာထားဖို့ ရှေးပစ္စည်းစုကြတဲ့ ပြခန်းမှူးတွေကပါ ကျွန်တော့် ကိုဖိတ်ပြီး၊ သူတို့ လက်မှာ ရောက်နေတဲ့ မြန်မာရှေးဟောင်း ပစ္စည်းတချို့ကို အမည် ခွဲခြား (Identify) ပေးပါလို့ ပြောကြတယ်။ ဩစကမှာရှိတဲ့ လူမျိုးစု ပြတိုက်၊ ဒီကပ်မြို့မြောက်အီလီနွိုင်တက္ကသိုလ် အရှေ့တောင် အာရှပြခန်းတွေမှာဆိုရင် ကျောက်၊ သစ်သားနဲ့ မံဘုရားတွေရှိသလို၊ ပေ၊ ပုရပိုက်နဲ့ မြန်မာသစ် သားပန်းပုတွေလဲရှိတယ်။ ပစ္စည်းအမျိုးအမည်၊ ဒေသအမည်၊ ယုံကြည်စွဲရှိပုံ၊ သုံးစွဲပုံ၊ ဘယ်ခေတ်လက်ရာဖြစ်မယ် ထင်ရတယ်စတဲ့ အချက်တွေကို ပြောနိုင် သလောက်၊ သိသလောက် ပြောရတာ သုံး၊လေးရက်ကြာတဲ့အထိ ကြုံခဲ့ရဖူး ပါတယ်။ ဆေးသမားဟာ ဝေဒနာရှိတဲ့ ပုဂ္ဂိုလ်က ကုပေးပါ ပြောလာရင် လူမျိုးမရွေး၊ ယောက်ျား၊မိန်းမ မရွေး၊ ယုံကြည်ကိုးကွယ်မှု ဘက်မလိုက်ဘဲ ကုပေးရမယ်ဆိုတဲ့ ကောင်းမလေ့ (Ethic) အတိုင်း၊ ကျွန်တော်လည်း ပြတိုက် မှာရှိနေတဲ့ ပညာပေးဝတ္ထုပစ္စည်းတွေကို အမည်မှည့်ပြီး Label ပေးခဲ့ရတဲ့အခါ၊ မှန်အောင် ငါကူညီရမယ်လို့ အသိနဲ့ ကူညီခဲ့ပါတယ်။ 'ခင်ဗျား ပစ္စည်းအတုပဲ' လို့ ပြောရတဲ့အခါ ပိုင်ရှင်စိတ်ညစ်သွားတာလဲ ကြုံရပါတယ်။ လူကြုံနဲ့ ဓာတ်ပုံ ပို့ပြီး မေးလို့ ဖြေရတာလဲရှိတယ်။

ဂျပန်နိုင်ငံကို ၁၉၇၉ က ရောက်ခဲ့တဲ့ ဆရာမ ဒေါ်ခင်ရီက ကျွန်တော့် ကို ဂျပန်အပြန်မှာ ဗုဒ္ဓဆင်းတုတော်တစ်ဆူရဲ့ ဓာတ်ပုံလေးပုံ ပေးပါတယ်။ ဆင်းတုတော်က ကြေးဆင်းတုတော်ဖြစ်ပြီး ဓာတ်ပုံတွေက ရှေ့မြင်၊ နောက်မြင်

mgyoe.com

mgyoe.com



နဲ့ ဘေးနှစ်ဖက်အမြင် အစုစုလေးပုံပါပဲ။ အခုဒီကြေးဆင်းတုတော်ဟာ ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ယောတစိဂိမချိမှာနေတဲ့ ဂဲန်ဇောဇမ (Mr Genzo Zama, Yotsugimachi, Toyko, Japan) ဆီ ရောက်နေပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ တစ်ခါတုန်းက ဖင်းမယ်ကို အလည်ရောက်တုန်း၊ ရှေးဟောင်းပစ္စည်းအဖြစ်နဲ့ ဒီဆင်းတုတော်ကို စုဆောင်းသွားတယ်လို့ ဆိုပါတယ်။ မြန်မာစာ ခြောက်ကြောင်းကို ပလ္လင်နောက်ဘက်မှာ ရေးထားတာနဲ့ ထုလုပ်ပုံ လက်ရာကိုကြည့်ရင်၊ ဒီဆင်းတုတော်ကို ဂျပန်မှာတွေ့ပေမယ့် မြန်မာလက်ရာလို့ အသေအချာ ပြောနိုင်ပါတယ်။

ဒီဆင်းတုပလ္လင်နောက်ကျောမှာပါတဲ့ မြန်မာစာခြောက်ကြောင်းကို ဖတ်ဖို့ မြန်မာစာတတ်တဲ့ ဂျပန် မိတ်ဆွေတွေ ကြိုးစားကြပါတယ်။ နောက်ပြီး ကျွန်တော့်ဆီကိုလဲ ဒီစာရဲ့မင်နှိပ်ပုံကို ပို့ပေးတယ်။ စာကတော့ -

၁။ သက္ကရာဇ် ၁၁၆ ဆဲ ၅

၂။ ခု တခူးလဆန်း ၂ ရက် တနင်္လာနေ့

၃။ ကိုယ်စားတစ်သွန်း ပြီးပြည့်စုံပြီ။

၄။ (အရှင်ဥတ္တမ) စာရလင်္ကာဆြာ

၅။ တကာ (တစု)တို့ (ကောင်းမှု) နိဗ္ဗာန်ဆုဖြစ်

၆။ ပါသဉ်ဘုရား၊ ၁၁၆၅ တန်ခူးလဆန်း ၂ (၁၂ မတ် ၁၈၀၄) ဖြစ်လို့၊ အမရပူရ ပဒုံမင်း (၁၇၈၂-၁၈၁၉) လက်ထက်နောက်ပိုင်းမှာ သွန်းတဲ့ ကြေးဘုရားဖြစ်တယ်။



လက်တော်တွေမှာ တွေ့ရတဲ့
အမြိုက်အိုးနဲ့ သစ်စေး။

mgyoe.com

mgyoe.com


ဂျပန်မှာ ဒီကိုယ်စားတော်ကိုပဲ ရှဗယဂုရုဝဲဒုရယပရာဘသဆေးဆရာ မြစိမ်းရောင် ယကုရှိညောရဲ (Yakushi Nyorai) လို့ခေါ်ပါတယ်။ အရှေ့လောကရဲ့ မြရောင်ရှင်လို့ ယုံကြည်ကြပြီးတော့၊ လက်ဝဲလက်ျာခြံရံတဲ့ ပုဂ္ဂိုလ်တွေက သူရိယပညာ နေရောင်နဲ့၊ စန္ဒရပညာလရောင်ဆိုတဲ့ ဘုရားလောင်းနှစ်ပါးဖြစ်ပါတယ်။ အရံအစောင့်အဖြစ်နဲ့လဲ နတ်မင်းကြီးတစ်ဆယ့်နှစ်ပါးရှိရတယ်။ ဒီလို ကိုယ်စားတော်တွေ ဂျပန်က ဟောရယူဂျိ (Horyu-ji) ကျောင်းတော်မှာရှိတယ်။ ဧကရာဇ် ယောမေအိ (Yomei) (ခရစ်နှစ် ၅၈၅-၅၈၇)က၊ ကျန်းမာရေးအတွက် ထုလုပ်တယ်။ ထုလုပ်မပြီးမီ ပူဇော်ပသခြင်း မလုပ်ရခင် ဧကရာဇ်နတ်ရွာစံသွားတော့၊ ပူဇော်ခြင်း မပြုမိစံလွန်ရလေခြင်းလို့ နှမြောတသပြီး၊ ခရစ်နှစ် ၆၀၇ မှာ ဟောရယူဂျိ ကျောင်းတော်ကြီးဆောက်ပြီး၊ ဧကရီ စုအိကော (Suiko)နဲ့ သားတော် ရှော့-တောကု (Sho-toku) တို့က တင်လှူခဲ့ပါတယ်။ ရှင်အနှစ်တစ်ထောင့်လေးရာနီးပါးက ဆောက်တဲ့ သစ်သားကျောင်းနဲ့ သစသား ပန်းပု လက်ရာတွေရှိသေးလို့၊ ကမ္ဘာမှာ အဟောင်းဆုံး သစ်သားကျောင်းတော်ကြီးဆိုပြီး တအံ့တသြဘုရားဖူးတွေ သွားရောက်ဖူးမြော်နေကြပါတယ်။

ဂျပန်ကိုရောက်တဲ့ အခုဖော်ပြတဲ့ ကြေးသွန်းဆင်းတုရဲ့ ဘယ်လက်တော်မှာ သပိတ်အစား၊ အမြိုက် (အမတ) ရေအိုးကို ပိုက်ထားပြီး၊ ညာလက်တော် လက်မ-လက်ညှိုးနဲ့ ဗီဇသစ်စေ့ကိုင်ထားတယ်။ လွယ်လွယ်ပြောတော့ (Ricinus Communis) သို့မဟုတ် ဖန်ခါး(Terminalis Chebula)တစ်လုံးလုံးကို ကိုင်ထားတယ်။ ဒီလို အမြိုက်အိုးနဲ့ သစ်စေ့ကိုင်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ဟာ ဘေသဇ္ဇဂုရု/ဘိသက္ကဂုရု ဖြစ်ပါတယ်။

xxx

ဘိသက္ကဂုရု ရုပ်ပွားတော်တွေကို ဦးခေါင်းတော်မှ ပလ္လင်ထိ [illegible]ပြီး ဖော်ပြရရင် -

(၁) ဆင်းတုတော်ရဲ့ ဦးခေါင်းအထက်မှာ ကြာဖူးပုံသဏ္ဌာန်အထွတ်ရှိတယ်။ သဗ္ဗညုတဉာဏ်တော်ကို ရည်မှတ်ပြီး မီးတောက်မီးလျှံပုံဖော်ရာက ရွှေ့လျောပြီး အဖူးအငုံဖြစ်လာတယ်။ အမရပူရခေတ်အခါက ဆင်းတုတော်တိုင်းမှာ ဒီလိုရောင်လျှံတော်ပါစမြဲဖြစ်တယ်လို့ မှတ်ရပါတယ်။

mgyoe.com

mgyoe.com


(၂) ဆံတော်လေးသစ်အကျန်ကို ပြလိုတဲ့အတွက် ဥဏှိုသမိုမောက်နေတာလဲ ထုံးစံအတိုင်းပါတယ်။ ဆံတော်က ပုတီးစေ့ အလုံးငယ် (ဗိန္ဒု)တွေစီထားတာ တွေ့ရသလို၊ ပြောင်ပြောင်ချောချော အတိုင်း ထားတာလဲ ရှိပါတယ်။

(၃) မျက်လုံးတော်တွေကတော့ စက္ခုန္ဒြိယမျက်လွှာချထားပါတယ်။ ဈာန်ဝင်စားနေတဲ့ သဘောပဲဆိုချင်ပါတယ်။

(၄) နှာခေါင်းတော်က ချွန်တယ်၊ နှာရိုးထင်ရှားတယ်။

(၅) နှုတ်ခမ်းတော်တွေက ခပ်စုစု၊ ပါးစောင်ဘက်ကို နည်းနည်းမြင့်ပြီး ပြုံးတုံးတုံးရှိပါတယ်။

(၆) နားရွက်တော်တွေက ပျူခေတ်ဆင်းတုတော်မှာလို မတိုဘူး၊ ပုဂံခေတ်၊ အင်းဝခေတ်ကလိုပဲ ပခုံးတော်နဲ့ ထိထားတယ်။

(၇) သင်္ကန်းတော်က အခုခေတ်က ဆင်းတုတော်တွေမှာလို၊ အတွန့်အလိပ်သိပ်မများဘူး။ ဒါပေမဲ့ ရှေးကျတဲ့ ပုံတော်တွေမှာလို ညာဘက်ရင်အုံ ပေါ်မနေဘူး။ နောက်တစ်မျိုးကတော့ ကိုယ်လုံးတော်မှာ အဝတ် (သင်္ကန်း)နဲ့ အနည်းဆုံး ကိုးပတ်လောက် ရစ်ပတ်စည်းထားတဲ့ ပုံစံမျိုးတွေ့ရတယ်။ (နောက်တစ်မျိုးကတော့ မင်းဝတ်ဘုရားခေါ်တဲ့ ဘုရားမှာ ဘိသက္ကဂုရု ပုံတော်ဖြစ်အောင် ဘယ်လက်မှာ အမြိုက်အိုးနဲ့ ညာလက်မှာ သစ်စေ့ ထပ်တိုးထားတာ ဖြစ်ပါတယ်။)

(၈) ဘယ်ဘက်လက်တော်ကို တခြားပုံတော်တွေမှာလိုပဲ ခြေတော်နှစ်ဖက်ခွေထားတဲ့ အထက်မှာ ဖြန့်ထားပါတယ်။ ပြီးတော့ လက်ဝါးပြင်မှာ အိုး (ဝါတြ-သပိတ်) တစ်လုံးတင်ထားတယ်။ အိုးဖုံး (သပိတ်ဖုံး)ပါတယ်။ အမြိုက်ရေစင်အိုးလို့ ကောက်ယူရပါတယ်။

(၉) ညာလက်တော်က လက်ဖဝါးရှေ့လှည့်ပြီး ဖြန့်ထားပေမယ့် ဝရဒမုဒြာဆိုတဲ့ ဆုပေးပုံ မဟုတ်ဘူး။ လက်မနဲ့ လက်ညှိုးက ဗီဇသစ်စေ့ တစ်စေ့ကိုင်ထားတယ်။ တစ်ခါတစ်ရံ လက်မနဲ့ လက်ခလယ်က သစ်စေ့ကို ကိုင်ထားတယ်။ တစ်ခါတစ်ရံ လက်ညှိုးနဲ့ လက်ခလယ်ကွေးပြီး သစ်စေ့ကို လက်ဝါးပြင်မှာထိပြီး ညှပ်ထားတယ်။ တစ်ခါတစ်ရံ သစ်စေ့ကိုင်တဲ့ လက်အောက်မှာ ဆင်က

mgyoe.com

mgyoe.com


လေးတစ်ကောင်ရှိတယ်။ အဓိပ္ပာယ်တော့ အထွေအထူးရှိဟန် မတူဘူး။ သစ်စေ့က ဖန်ခါးသီး (Terminalia Chebula) ဖြစ်ပါတယ်။ ဒီအိုးနဲ့ သစ်စေ့နှစ်ခု ပေါင်းဟာ ပြန်လည်နုပျို တယ်၊ အသက်ရှည်တယ်၊ စတင် ရှင်သန်ပေါက်ဖွားတိုးတက် ကြီးကျယ်တယ်ဆိုတဲ့ သဘောတွေကို၊ သရုပ်ဆောင်ထားတာ ဖြစ်တယ်။ ခပ်လွယ်လွယ်ပြောရရင် သစ်စေ့တွေမှာ တွေ့ရတဲ့ အမြိုက်အိုးနဲ့ သစ်စေ့မျိုးစေ့က အသစ်ပေါက်ဖွားတယ်၊ တိုးပွား တယ်။ ရေစင်က အိုသူ နုပျိုစေတယ်။ ငယ်သူတွေကလဲ ကြီးဖို့ တိုးတက်ဖို့၊ ကြီးသူတွေကလဲ နုပျိုဖို့ သိပ်လိုချင်ကြတယ် မဟုတ် လား။ ဒီနှစ်မျိုးစလုံးကို ဒီဘုရားမှာ ဆုတောင်းရင် ရမယ်ဆိုတဲ့ ယုံကြည်မှုပါပဲ။

(၁၀) ခြေတော်အစုံကတော့ ဗျာနှာသနပုံစံ။ ခြေဖဝါးတော်နှစ်ခုစလုံးကို အပေါ်လှန်ထားပါတယ်။

(၁၁) စာဆိုအရ ဒီပုံတော်ကို ဆေးအပြာရောင်ခြယ်ရမယ်။ ရွှေချရင်လဲ ဖြစ်ပါတယ်။

(၁၂) ပလ္လင်ကတော့ ဝဇီယာသန ပြော့ပလ္လင် လုပ်ရပါမယ်။

(၁၃) ကိုယ်စားတော်ရဲ့ ဘယ်ဘက်နဲ့ ညာဘက်မှာ သာဝက နှစ်ပါး နာမကာရမုဒြာ ပူဇော်ကန်တော့ဟန်နဲ့ ခြံရံနေပါတယ်။

ဘိသဇ္ဇဂုရုပူဇော်တဲ့ ကိုးကွယ် ယုံကြည်မှုဟာ ဇကရာဇ် ယောမေအိ (Yomei) ခရစ်နှစ် နှစ် ၅၈၅- ၅၈၇ ကပဲ ကိုရီးယားနဲ့ တရုတ်ကတစ်ဆင့် ရောက်လာခဲ့ တာ ဖြစ်တယ်။ မြန်မာနိုင်ငံမှာတော့ ပျူခေတ်ကပဲ ရှိ လောက်တယ်။ သရေခေတ္တရာမှာ တာရာဒေဝီရုပ်တု၊ လောကနာထ ရုပ်တုတွေကို ခရစ်လေးရာစုနှစ်လောက် ကပဲ တွေ့နေပြီဖြစ်လို့ ဘိသဇ္ဇဂုရုဘုရား ကိုးကွယ် ကြတာလဲ အဲဒီအခါကပဲ ရှိနိုင်တယ်။ နောက် ခရစ် ခုနှစ်ရာစု နှစ်လောက်မှာတော့လဲ ဒီကိုးကွယ်မှု ဆက် ရှိနေမှာပါ။



၁၅ မတ် ၁၇၈၉ ရက်စွဲပါ ဆင်းတုတော်

×××

mgyoe.com

mgyoe.com

မူလက သက္ကတဘာသာနဲ့ ခေါ်တဲ့ဘွဲ့အမည် ဘေသဇ္ဇဂုရုမှ ပါဠိဘာသာသုံးတဲ့ ခေတ်ရောက်တော့ ဘိသက္ကဂုရုလို့ ခေါ်တာဖြစ်လို့၊ ဘုရား ရှိခိုးဂါထာလဲ မူလက သက္ကတဘာသာစကားနဲ့ ရှိပါတယ်။ ဘိုးတော်ဘုရား (ပဒုံမင်း ၁၇၈၂-၁၈၁၉) အထိ ဒီကိုးကွယ်မှုရှိနေရင် ပါဠိဘာသာနဲ့ ဘုရား ရှိခိုးရှိရမှာ ဖြစ်ပေမယ့်၊ ရှာလို့ မရသေးပါ။ မူလသက္ကတဘာသာကိုပဲ ကျွန်တော် တောင်းပန်လို့ ပါဠိပြုပြီး အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဦးဇနကာဘိဝံသက ပါဠိ-အနက် မြန်မာဆန်ဆန် ဘုရားရှိခိုးတစ်ပုဒ်ကို ၁၉၇၉ ခုနှစ်က စီကုံးရေးသားပေးပါတယ်။

### ဘိသက္ကဂု[illegible]ားရှိခိုး

၁။ သုဝဏ္ဏဟရိတဝဏ္ဏာ၊
ဘိသက္က သဗ္ဗမုတ္တမ၊၊

ဝါမဟတ္ထကဗိမ္ဗေန၊
ဘာဝဝမုဝိရုဟက။

ဒက္ခိဏဂ္ဂတဃဋ္ဋေန၊
တရဏာဒိသုဇာနက။

၂။ နမာမိ တမ သိရသာ မံ၊
စရာမိ တဝ သာသနံ။

ဓေတနသစ္စဝဋ္ဋေန။
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

တေဇသာ ဟံ သုဝုဋ္ဌိတော၊
သုခီ ဟောမိ စိရာယုကော။

၁။ သုဝဏ္ဏဟရိတဝဏ္ဏာ၊ ရုံဖန်ရောင်ဝါ၊ ရွှေရောင်ဖြာလျှက်၊ ရုံခါ စိမ်းစိမ်း၊ မြရည်လိမ်းသို့၊ ရှိန်းရှိန်းလက်ဝေ၊ ကျက်သရေကို၊ ဆောင်တော် မူထသော။ သဗ္ဗမုတ္တမ၊ ကျွမ်းကျင်လှစွာ၊ ဆေးဆရာတို့၊ ပြိုင်လာနိုင်းမူ၊ ဂုဏ်မတူသည့်၊ ယှဉ်သူကင်းလတ်၊ အမြတ်ရတနာလည်း ဖြတ်တော်မူပေထသော။ ဝါမဟတ္ထကဗိမ္ဗေန၊ လက်ဝဲလက်မှာ ကိုင်ဆောင်လာသည့် ဗီဇခေါ်ထိုး၊ သစ်စေ့မျိုးဖြင့်၊

mgyoe.com

mgyoe.com


ဘာဝမုဝိရုဟက၊ မွေးဖွားစေတတ်၊ တိုးစေတတ်လျက်၊ မပြတ်ဖြိုးဝေ၊ ကြီးပွားစေနိုင်သော။ ဒိက္ခိဏာဂ္ဂတဃဋ္ဌေန၊ လက်ယာလက်ထဲ၊ မြဲကိုင်စွဲသည့်၊ အမြဲကြည်လင်၊ မြိုက်ရေစင်ဟု၊ ခေါ်တွင် ပေရိုး၊ ရေစင်အိုးဖြင့်။ တရဏဒိ သုဇာနက၊ အိုသူနုပျို၊ ရုပ်ကောင်းပိုလျက်၊ ထိုထို လူနှာ၊ ကျန်းခန့်သာ၍၊ တဖြာကြီးလျှင်၊ ရောဂါစင်သဖြင့်၊ ကြည်ရွှင်မသွေ၊ အသက်ရှည်စေနိုင်သော။ ဘိသက္က၊ သီလ သမာဓိ၊ စရိုဖုံဖုံ၊ ဂုဏ်ပေါင်းစုံသဖြင့်၊ သုံးဘုံပေါ်ထင်၊ တန်ခိုးရှင်ဟု၊ ခေါ်တွင်သမျှ၊ ဘိသက္ကဂုရု ဖြစ်တော်မူသော မြတ်စွာဘုရား။

၂။ တံ၊ ဘိသက္ကဟာ၊ ဂုရုခေါ်တွင်၊ တို့ဘုရားရှင်ကို။ သိရတာ၊ ကိုယ်၏အစိတ်၊ ဦးထိပ်ရတနာ၊ မြတ်အင်္ဂါဖြင့်၊ အဟံ၊ ဂုဏ်တော်တမ်းတ၊ ပုံမှန်းဆလျက်၊ အားရရွှင်ပျော်၊ တပည့်တော်သည်။ နမာမိ၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။ တဝ၊ ဘုန်းတော်စုံလင်၊ ဂုဏ်အင်ကြီးမား၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ လိုရင်းအချုပ်မျှ၊ ဆိုဆုံးမသည့်၊ ဒါနသီလာ၊ ဘာဝနာဟု၊ ကုသိုလ်စုကို။ စရာမိ စွမ်းနိုင်သလောက်၊ လွန်အားဆောက်လျက်၊ ဝမ်းမြောက်ကြည်သာ၊ ကျင့်ကြံပါ၏ အရှင်ဘုရား။ တေနသစ္စဝဇ္ဇေန၊ မှန်ကန်လှစွာ၍ ဝဇီသစ္စာကြောင့်။ မေ၊ တရားသခင်၊ ဘုရားရှင်၏၊ ကြည်လင်မေတ္တာ၊ ခံယူပါသော တပည့်တော်အား။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စေတနာကံ၊ အရင်းခံသဖြင့်၊ အမှန်မသွေ၊ ဖြစ်ပါစေသတည်း။ အဟံ၊ ဘိသက္ကဟု၊ ဂုရုသခင်၊ ဘုရားရှင်၏၊ ကြည်လင်မေတ္တာ၊ ခံယူပါသော တပည့်တော်သည် တေဇသာ၊ မြတ်စွာဘုရား၏ ကြီးမားရှိန့်စော်၊ တန်ခိုးတော်ကြောင့်၊ သုဝုဋ္ဌိတော၊ သလိပ်သည်းချေ၊ သွေးနှင့်လေဟု၊ လေးထွေကြောင်းခံ၊ ရောဂါဒဏ်မှ၊ အမှန်ကင်ပျောက်၊ ထမြောက်သည်ဖြစ်၍ သုခီ၊ ကိုယ်ရောစိတ်ပါ၊ကျန်းမာချမ်းသာခြင်းရှိသည်။ ဟုတွာ၊ ဧကန်စင်စစ် အမှန်ဖြစ်၍၊ စိရာယုကော၊ အသက်ရှည်ရှည်တည်နေရသည်။ ဟောမိ၊ အမှန်သေချာ ဖြစ်ရပါလို၏ ဘုရား။

(ဒီဘုရားရှိခိုးကို မူလသက္ကတဘာသာကနေပြီး ပါဠိမြန်မာဘာသာနဲ့ စကားပြေပြစ် ချောမောအောင် အမရပူရ မဟာဂန္ဓာရုံဆရာတော် ဥုးဇနကာဘိဝံသက ရေးသားပေးပါတယ်။)

×××

mgyoe.com

mgyoe.com



သစ်ခေါက်ကို လက်ခလယ်
လက်မဖြင့် ကိုင်ပုံ

ဘိသက္ကဂုရုကိုယ်စားတော် ကိုးကွယ်မှုနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် နှာစေး၊ ချောင်းဆိုးဆိုတဲ့ ရာသီဥတု အပြောင်းအလဲမှာ ခေတ္တခံရတဲ့ ဥတုကျနာမျိုးမဟုတ်ပဲ၊ အပျောက်နှေးတဲ့ ဥတုကျော်နာကို တစ်ဆေးမကောင်း တစ်ဆေးပြောင်းသောက်ကြပေမယ့်၊ မပျောက်နိုင် ရှိနေတဲ့အခါ သမားကုက ဘုရားကုကို ပြောင်းကြရတယ်။ ဒါ ထုံးစံလိုဖြစ်နေတယ်။ အဲဒီအခါ ဘိသက္ကဂုရု ရုပ်ပွားတော်ကို ကိုးကွယ်ကြရပါတယ်။ နေမကောင်းတဲ့ ပုဂ္ဂိုလ်က ဘိသက္ကဂုရုပ်တုတော် ငယ်ငယ်ကို မိမိအိပ်ရာဘေး ခုံငယ်မှာတင်ထားပြီး၊ နေ့စဉ်ည-မနက် "ဒါန၊ သီလ၊ ဘာဝနာကို မိမိစွမ်းသလောက် ကြိုးစားပြီး ကျင့်ကြံ အားထုတ်ပါတယ်။ ဒီမှန်တဲ့ သစ္စာစကားကြောင့် ရောဂါပျောက်လိုပါတယ်။ ဘိသက္က ဂုရုရှင်တော်ဘုရားရဲ့ မေတ္တာကိုလည်းခံယူရလို့ အသက်ရှည်ပြီး ရောဂါကင်းလိုကြောင်း" ဆုတောင်းရတယ်။ နေကောင်းသွားတဲ့အခါ ရုပ်ပွားတော်ငယ်ကို ဘုရားကျောင်းမှာ သွားထားရတယ်။

ဆေးပညာသင်ယူလိုတဲ့ တပည့်ရယ်၊ သင်ပေးချင်တဲ့ ဆရာရယ်က ဘိသက္ကဂုရု (အဓိပ္ပာယ်က သမားတို့ဆရာ) ရုပ်ပွားတော်ကို သင်တန်းမစမီက ကြိုပြီးကိုးရတယ်။ တပည့်လုပ်မယ့် လူက "ဆေးပညာသင်ယူတဲ့အခါ တတ်လွယ်ရပါလို၏" လို့ ဆုတောင်းရတယ်။ ဆရာလုပ်မယ့် ပုဂ္ဂိုလ်ကလည်း "ဆေးပညာကို ပို့ချတဲ့အခါ ပိုင်ပိုင်နိုင်နိုင် ပို့ချနိုင်စွမ်းရှိရပါလို၏" လို့ ဆုတောင်းရတယ်။ ဆုတောင်းတာတွေ ပြည့်စုံပြီး သင်တန်းပြီးတဲ့အခါ တပည့်ကလဲ မိမိကိုးကွယ်တဲ့ ဘိသက္ကဂုရု ရုပ်တုကို နီးစပ်ရာ ဘုရားကျောင်းမှာ သွားထားသလို၊ ဆရာကလဲ မိမိကိုးကွယ်တဲ့ ဘိသက္ကဂုရုရုပ်တုကို နီးစပ်ရာ ဘုရားကျောင်းမှာ သွားထားရတယ်။ တပည့်က ဆေးပညာသင်ယူပြီး ဆရာအဖြစ် ဆေးကုတဲ့အခါ ဆေးလိုက်အောင် ဘိသက္ကဂုရုရုပ်တုကို ကိုးကွယ်ရပြန်တယ်။ မိမိကုသတဲ့ လူနာ အများစုဟာ ဝေဒနာကင်းရှင်း ကျန်းမာသွားကြတာ

mgyoe.com

mgyoe.com


ထင်ရှားပြီဆိုတဲ့အခါ၊ ဘိသဂ္ဂဂုရု ရုပ်ပွားတော်ကို နီးစပ်ရာ ဘုရားကျောင်းမှာ သွားထားရပါတယ်။ ဒီလိုကြောင့် ရှမ်းပြည်နယ်က ပင်းဒယဂူမှာ ဘိသဂ္ဂဂုရုရုပ်ပွားတော်တွေ အများကြီးတွေ့ရတာ ဖြစ်မယ်ထင်ပါတယ်။

ပင်းဒယဂူထဲမှာ ဒီလိုဘိသဂ္ဂဂုရုဆင်းတုတွေကို လာထားပုံရတယ်။ ၁၉၂၅က ဂူဝင်ပေါက်ကို ဒိုင်းနမိုက်နဲ့ ခွဲပြီးချဲ့တဲ့အခါ ဘိသဂ္ဂဂုရုရုပ်ပွားတော် အများအပြားပျက်စီးသွားမယ်လို့ ထင်ရပါတယ်။ ကျောက်စာတစ်ခုရှိတာကို တော့ အနားမှာရှိတဲ့ ငှက်ပျောတောကျောင်းကို ရွှေ့ထားခဲ့ကြတယ်။ ဒီကျောက် စာကလဲ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ပျက်စီးသွားတယ်။ မပျက်လို့ ကျန်မယ်ဆိုရင် ဘိသဂ္ဂဂုရုရုပ်ပွားတော်နဲ့ ဆေးကုနည်းအကြောင်းကို ခုထက် ပိုပြီး ပြည့်စုံအောင် ပြောနိုင်ပါမယ်လို့ ထင်ပါတယ်။

အချုပ်ပြောရရင် ပင်းဒယဂူထဲမှာ အစောဆုံး ၁၇၇၉ ရက်စွဲနဲ့ တွေ့ရတဲ့ ဘိသဂ္ဂဂုရုရုပ်ပွားတော် အကြီးအငယ်အစုစု ခုနစ်ဆယ်ကျော်ဟာ … ဗုဒ္ဓ သာသနာဝင်တွေ ကျန်းမာရေးအတွက် ဆုတောင်းကြတာတွေ ဖြစ်တယ်။ ဆေးဆရာတွေကလဲ ဆေးလိုက်အောင် ဒီဘုရားမှာပဲ ဆုတောင်းကြတယ်။ ရုပ်ပွားတော်ကို ရွှေချလို့ဖြစ်ဖြစ်၊ အပြာရောင် ဆေးသုတ်လိမ်းလို့ဖြစ်ဖြစ် ထားရမယ်။ ပုံတော်ကြီးကြီးကို ဘုရားကျောင်းတော် သီးခြား ဆောက်ပြီး ကိုးကွယ်ပူဇော်ရှိခိုးကြရမယ်။ ရောဂါဝေဒနာခံစားနေရသူတွေ အနာရောဂါ မြန်မြန်ပျောက်ဖို့နဲ့ ဆေးဆရာတွေ ဆေးဝါးဩဇာရှိဖို့ ဒီဘုရားမှာ ဆုတောင်း ရအောင် လာကြတယ်။ နေမကောင်းတဲ့လူတွေက ရုပ်ပွားတော်ငယ်ငယ်ကို လုပ်ပြီး ဆုတောင်းရင်း၊ ဒီလို ကျောင်းတော်မျိုးမှာ အဲဒီ ရုပ်ပွားငယ်ငယ်လို လှူခဲ့တဲ့ အလေ့အထရှိတယ်။ ရုပ်ပွားတော်ကို သင်္ကန်းဝတ်၊ ဒါမှမဟုတ်ရင် ကိုယ်လုံးတော်မှာ သင်္ကန်းအပတ်တွေ အများကြီးစည်းထားတဲ့ သင်္ကန်းဝတ်၊ ဒါမှမဟုတ်ရင် မင်းဝတ် ထုကြပါတယ်။ လက်ထဲက အဖြိုက်အိုးရဲ့ အာနိသင် က အသက်ရှည်စေတယ်၊ အနာကင်းတယ်၊ အိုတဲ့လူ နုပျိုစေတယ်။ သက်စေ့ က ရှင်သန်စေတယ်။ ကြီးထွားစေတယ်၊ ပွားများစေတယ်။ ဒါကြောင့် စီးပွား ဉစ္စာ တိုးတက်ဖို့နဲ့ ကျန်းမာဖို့ နှစ်မျိုးစလုံး ဆုတောင်းလို့ရတဲ့ ရုပ်ပွားတော် ဖြစ်ပါတယ်။

ပင်းဒယနယ်ရဲ့ ယုံကြည်မှုမှာ ဒီယုံကြည်မှုရှိခဲ့လို့ ပင်းဒယဂူထဲမှာ

mgyoe.com

mgyoe.com


ဘိသက္ကဂုရုရုပ်ပွားတော် ခုနှစ်ဆယ်ကျော်ရှိနေတာဖြစ်တယ်။ ပင်းဒယဂူထဲမှာ တွေ့ရတဲ့ ရက်စွဲပါ ရုပ်ပွားတော်ထဲက အစောဆုံးဟာ ၁၇၇၃ ဖြစ်ပြီး၊ ဘိသက္က ဂုရုပုံ ရုပ်ပွားတော်က ၁၇၇၉ ဖြစ်လို့ ဒီဂူကို ဘုရားကျောင်းတော်အဖြစ်နဲ့ အသုံးပြုစကပဲ ဘိသက္ကဂုရုကိုလဲ ကိုးကွယ်ယုံကြည်တဲ့ အလေ့အထရှိခဲ့တာ ထင်ရှားပါတယ်။ ဒီဂူထဲမှာ ပဒုံမင်းဆိုတဲ့ ဘိုးတော်ဘုရားလက်ထက်ကို ညွှန်းတဲ့ လက်ရာတွေ အများကြီးရှိပေမယ့် ကုန်းဘောင်ခေတ်ဦးကပဲ စပြီး ဘုရား ကျောင်းအဖြစ်နဲ့ သုံးစွဲခဲ့ကြပြီလို့ မှတ်ယူရပါတယ်။

(၁-၁၅ စက်၊ ၂၀၀၃)

❑

mgyoe.com

mgyoe.com

## မင်းဝတ်ဘုရား

## CROWNED BUDDHA

ရက်စွဲအတိအကျ ထောက်ပြနိုင်တဲ့ မင်းဝတ်ဘုရားကို ဖားအံနယ် ကော့ဂွန်းဂူမှာ မြေပုံဘုရား(အများအခေါ်) အုတ်ခွက်ဘုရားအဖြစ်နဲ့ တွေ့ရပါတယ်။ (ကော့ဂွန်းဂူက မြေပုံဘုရားအောက်နံ့ရံစာမှာ မင်းဝတ်ဘုရားကို 'ရာဇ မိရာဇ်ပုံတော်'လို့ခေါ်တာတွေ့ရတယ်။ ဒါကြောင့် မင်းဝတ်ဘုရားကို ဇမ္ဗူပတိ ပုံတော်ခေါ်မယ့်အစား ရာဇာဓိရာဇ် ပုံတော်ခေါ်ရင် ပိုပြီးဆီလျော်မယ် ထင်ပါတယ်။) ရက်စွဲအတိအကျ ဆိုပေမယ့် မြေပုံဘုရားပေါ်မှာတော့ ရက်စွဲ မပါပါဘူး။ မြေပုံဘုရားတွေကို နံရံမှာကပ်ပြီး အောက်က ကုသိုလ်ပြုတဲ့ရက်ကို နံရံမှာ 'ရာဇမိရာဇ်ဘုရားသခင်ပုံတော်။ သက္ကရာဇ် ၁၀၇၅ ခု တပေါင်းလဆုတ် ၁၀ ရက် တနင်္ဂနွေနေ့'လို့ စာတမ်းရေးခဲ့လို့ သိရပါတယ်။ (ဦးမြ 'ဇမ္ဗူပတိ ရုပ်ပွားဆင်းတုတော် ဖြစ်ပေါ်လာခြင်းအကြောင်း၊' ရှေးဟောင်းသုတေသန ၁၉၅၈- ၅၉ နှစ်ချုပ်၊ ၂၈-၃၇)။ ရုပ်တုတော်မှာ မင်းဝတ် တန်ဆာဆင်ယင်ထားရင် ပထမဆုံး ဒီပုံတော်ဟာ ဘုရားလောင်း ပုံတော်မဖြစ်နိုင်ဘူးလားလို့ စဉ်းစားသင့်တယ်။ ကျောက်စာဝန်ဟောင်း ဦးမြက ဒီလိုသွန်သင်ပါတယ်။

> 'ဘုရားလောင်းဆိုရင် မင်းဝတ်တန်ဆာ အပြည့်အစုံဝတ်ရမှာပဲ၊ ဘုရားလောင်းပုံတော်တွေဟာ မြန်မာနိုင်ငံ အနှံ့အပြားမှာတွေ့ဖူးထားလို့ ဒီလိုပြောရတာပါပဲ'

ဘုရားလောင်းလို့ဆိုတာနဲ့ တစ်ပြိုင်နက် မြောက်ပိုင်း ဗုဒ္ဓသာသနာ သဘောသက်ဝင်လာပါတယ်။ ဒုတိယအနေနဲ့ သိဒ္ဓတ္ထမင်းသားက ရဟန်းဖြစ်၊

mgyoe.com

mgyoe.com


ရဟန်းက ဂေါတမဘုရားလောင်ဖြစ်လာလို့ ဘုရားရုပ်တုတော်ထုတဲ့အခါ မူလ မင်းဘဝက အနေအထားလဲ ပြချင်တယ်။ ပြီးတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တော်မူပြီး သဗ္ဗညုတဉာဏ်တော်ရချိန်၊ မာရ်ရှိစစ်သည်ကိုအောင်ချိန်၊ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတော်တွေ အထုအထည်ရှိလေရဲ့လို့ မြေကြီးသက်သေထူတဲ့၊ မြေကို လက်နဲ့ ထိထားတဲ့ပုံနဲ့ သင်္ကန်းရုံထားတဲ့ ဘုရားပုံလဲ ဖြစ်စေချင်တယ်။ သဘောက မူလမင်းဟာ၊ အခုဘုရားဖြစ်လေပြီလို့ ကူးပြောင်းတဲ့ အသွင်ပေါ် စေချင်တယ်။ ဒါကြောင့် မကိုဋ်မှသရဖူဆောင်းပြီး နကင်းနဲ့ လည်ဆွဲတပ်ထားတဲ့၊ သင်္ကန်းရုံ ဘုရားပုံထုတာပဲ ဖြစ်မှာလားလို့ စဉ်းစားသင့်တယ်။ မင်းဝတ် ဘုရားဆိုရပေမယ့် မင်းရဲ့တန်ဆာ တစ်စိတ်တစ်ပိုင်းသာ ဝတ်ထားလို့ မင်းလဲ မဟုတ်၊ ရဟန်းလဲ မဟုတ်၊ မင်းအသွင်ပျောက်ဆဲ၊ ရဟန်းအသွင်ရောက်ဆဲလို့ မယူဆဘဲ 'ငါတို့ မြတ်စွာဘုရားဟာ အလိုတော်ရှိပါမူ စကြဝတေးမင်းဖြစ်နိုင်တဲ့ ယောကျ်ားမြတ်ဖြစ်တယ်'လို့ ယူဆကြတယ်။ တချို့ကလဲ မင်းဆိုတာကိုပဲ လေးစားရတယ်လို့ သိထားကြတယ်။ ဒီလို လူတွေမြင်ရုံနဲ့စပြီး ကြည်ညိုလေးစားအောင် အပေါ်ပိုင်းကို မင်းရဲ့ပုံပေါ်အောင် ဖော်ရမယ်လို့ အယူအဆနဲ့ မင်းဝတ်တစ်ပိုင်း ဝတ်ပေးတာလဲ ဖြစ်နိုင်ပါသေးတယ်။



ပုံ (၁) မင်းဝတ်ဘုရား၊ ပုဂံခေတ်၊ ပုဂံအာနန္ဒာ၊ (နယ်လ့ဲ ပုံ ၁၃)



ပုံ (၂) ကျောက်ခွန်းဝူက မြေပုံဘုရား (၂၆၊ ၂၊ ၁၇၁၄)၊ (နယ်လ့ဲ ပုံ ၁၇)



ပုံ (၃) ရွှေလီမြစ်ထဲက ရတဲ့ ကြေးဆင်းတု (၁၈ရာစုနှစ် လက်ရာလို့ခန့်မှန်း) (နယ်လ့ဲ ပုံ ၂၀)

mgyoe.com


mgyoe.com


မင်းဝတ်ဘုရားတွေကို ခေတ်အလိုက်စဉ်ပြီး လေ့လာတဲ့အခါ ပုဂံခေတ် တစ်ဆယ့်နှစ်ရာစု အာနန္ဒာဘုရားပရဝုဏ်အတွင်းက မင်းဝတ်ဘုရားကစပြီး ၉ ဧပြီ ၁၆၄၉ မှာ ထီးတင်ပြီး ၂၃ မေ ၁၆၅၀မှာ ကျောက်စာ ရေးထိုးပြီးတဲ့ စစ်ကိုင်းရာဇ မဏိစူဠာ ကောင်းမှုတော်ကြီးနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ မင်းဝတ်ဘုရား တွေအထိ၊ မင်းဝတ်တန်ဆာကို အပေါ်ပိုင်းမှာ တစ်ပါးတည်းထည့်ပြီး ထုလုပ် ထားတာကို တွေ့ရတယ်။ ကုန်းဘောင်ခေတ် ဘုရင်တွေဟာ သူတို့ထုလုပ်တဲ့ ဆင်းတုတော်တွေကို မင်းဝတ်တန်ဆာ ဆင်ယင်ပေးလိုတဲ့ သဘောရှိတယ်။ အလောင်းမင်းတရားရဲ့ ရွှေချက်သိုစေတီရဲ့ ဆင်းတုတော်က အစ၊ စန္ဒာမုနိ၊ သကျရံသီ၊ သကျသီဟ၊ သကျမာရဇိန်နဲ့ မဟာမုနိဆိုတဲ့ ဆင်းတုတော်တွေဟာ အားလုံးမင်းဝတ်ဘုရားတွေပါပဲ။ ဒါပေမဲ့ ရွှေချက်သို စေတီရဲ့ ဆင်းတုကလွဲလို့ ကျန်ဆင်းတုတော်တွေဟာ သင်္ကန်းရုံဘုရားကိုထုပြီးမှ မကိုဋ်တွေ၊ နကင်းတွေ၊ စလွယ်တွေ တပ်ဆင်ပေးထားတာဖြစ်တယ်။ ထုလုပ်တုန်းက တစ်ပါးတည်း တန်ဆာပါထည့်ပြီး လုပ်ထားတာ မဟုတ်ပါဘူး။ ဒါပေမယ့် သဘောကတော့ တူပါတယ်။ ဒီဆင်းတုတော်မျိုး ထုလုပ်စေတဲ့ မင်းဟာ၊ သူဝတ်တဲ့ အဝတ်ကို ဘုရားမှာ ဝတ်ဆင်ပေးလိုက်ရင် မင်းနဲ့ ဘုရားတစ်ထပ်တည်း ဖြစ်လေတယ်လို့၊ အနည်းဆုံး ပြည်သူ့စိတ်ထဲမှာ ဝင်သွားအောင် စိတ်ဆွဲဆောင်မှုကို လိုလို့ လုပ်တယ်လို့ ထင်စရာဖြစ်လာပါတယ်။

ဒုတိယမုံရွေး ဇေတဝန်ဆရာတော် (သမန္တစက္ခုဒီပနီ၊ပ၊ ၄၂၉-၃၂)နဲ့ တောင်ခွင်သာသနာပိုင်(ဂုဠတ္ထဝိနိစ္ဆယ၊ ပ၊ ၂၁-၃)က ဒီဃနိကာယ် မဟာဝဂ္ဂ ပါဠိတော် ပရိနိဗ္ဗာန်သုတ်ကို ကိုးကားပြီး၊ ဘုရားဟာ အချိန်မရွေး ဘုရားအသွင် သာတည်တယ်။ ဒါပေမဲ့ ဘုရားရှေ့တော်မှောက်ကို ဝင်လာပြီး ကြည်ညိုတဲ့ လူက ဖြစ်ချင်တဲ့ပုံ၊ ကြားချင်တဲ့အသံနဲ့ ဘုရားကို မြင်ရကြားရတယ်။ ဥပမာ ရုပ်ဆင်းရူပကာဟာ ရှင်ဘုရင်လိုတင့်တယ်မယ်၊ စကားပြောတဲ့ အသံဟာ ကရဝိက်ကြိုးကြားသံလို သာယာမယ်လို့ ထင်ထားတဲ့လူဟာ သူထင်သလိုပဲ၊ မြင်ရကြားရတယ်တဲ့။ အလွယ်ပြောရရင် လာတဲ့လူ အထင်ကြီးတဲ့ပုံမျိုး၊ အသံ မျိုးဖြစ်တယ်လို့ ဆိုတယ်။ ဒါကို အခြေခံထားပြီး တချို့က ကိုယ်ကိုးကွယ်တဲ့ ဘုရားကို မင်းရဲ့ တင့်တယ်ခြင်းနဲ့ မြင်ချင်ရင် မင်းဝတ် ဆင်ပေးခွင့်ရှိတယ်လို့ ဆိုနိုင်တယ်။ ဒီနေရာမှာ မင်းရဲ့ တန်ဆာတစ်ပိုင်းတစ်စသာ ဆင်ယင်ပေးတာ ကတော့ ခေတ်ဦး လက်ရာဖြစ်တယ်လို့ ပြနေပါတယ်။

mgyoe.com

mgyoe.com



**ပုံ (၄) မင်းဝတ်ဘုရား (အောက်တိုဘာ ၁၇၈၁) မဟာရန်အောင်ကျောင်း၊ ပင်းဒယ၊ (နယ်လို့ ပုံ ၁၉ က၊ ခ၊ ဂ)**

မင်းဝတ်ဘုရားကို ဘာကြောင့် ထုလုပ်ပါသလဲလို့ မေးတဲ့အမေးကို ဖြေပုံတစ်မျိုးလဲ ရှိပါသေးတယ်။

'မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က အင်မတန်လဲ တန်ခိုးကြီးတယ်။ တန်ခိုးကြီးလို့လဲ မာနကြီးတယ်ဆိုတဲ့ ဇမ္ဗူပတိမင်းဆိုတာ ရှိတယ်။ ဒီမင်းဟာ သူ့ကိုမရိုသေ မကျိုးနွံ့ဘူးဆိုပြီး ဗိမ္ဗိသာရမင်းကို ရန်လုပ်တဲ့အခါ ဘုရားက ဗိမ္ဗိသာရမင်းကို ဝင်ပြီးကူညီပါတယ်။ ဇမ္ဗူပတိမင်းထက်ပိုပြီး တင့်တယ်တယ်၊ ပို[illegible]ကြီးတယ်ဆိုတဲ့ မင်းအသွင်ယူပြီး ဟောပြောဆုံးမတဲ့အခါ ဇမ္ဗူပ[illegible]မင်းဟာ ဘုရားအဆုံးအမမှာ တည်သွားတော့တယ်။'

ဒီစကားကို သမိုင်းကြောင်းနဲ့ တိုက်ဆိုင်ကြည့်တော့ မကိုက်ညီဘူး။ ဂေါတမနဲ့ ခေတ်ပြိုင် ဇမ္ဗူပတိနာမည်နဲ့ တန်ခိုးကြီးမင်း မရှိပါဘူး။ ဒီပဲယင်း ဆရာတော်က ၁၇၇၂ မှာ ဒီဝတ္ထုကိုပဲယူပြီး ဇမ္ဗူပတိဘုရားပုံတော်ပေါ်လာရပုံကို အကျယ်တဝင့်ရေးတယ်။ (တထာဂတ ဥဒါနဒီပနီ၊ အခန်း ၁၅၃။)

မြန်မာနိုင်ငံက လက်ခံထားတဲ့ ဗုဒ္ဓဝင်ထဲမှာ ဘုရားသခင်ဟာ ကြီးကျယ်တဲ့ အခက်အခဲကို အောင်မြင်တာ ရှစ်ခါရှိတယ် (အောင်ခြင်းရှစ်ပါး) လို့ စာရင်းတင်ထားပါတယ်။ အဲဒီထဲမှာ ဇမ္ဗူပတိမင်း မပါဝင်ပါ။

မင်းဝတ်ဘုရားကို -

(၁) ဘုရားလောင်းသဘော ထုမယ်၊

(၂) မင်းအသွင်ပျောက်ဆဲ၊ ဘုရားအသွင်ရောက်ဆဲ မာရ်နတ်အောင်ပွဲ အထိမ်းအမှတ် ထုမယ်၊

mgyoe.com



ပုံ (၅) ၁၇၉၄ ရက်စွဲပါ
သစ်သား မင်းဝတ်ဘုရား
(ပင်းဒယ ဓာတ်ပုံ-၅)



ပုံ (၆) ၂၁ နိုဝင်ဘာ
၁၈၀၉ ရက်စွဲပါ
မင်းဝတ်ဘုရား
(ကုန်းဘောင်ခေတ်ဦး)
(ပင်းဒယ ဓာတ်ပုံ-၈)



ပုံ (၇) မေ ၁၈၄၄
ရက်စွဲပါ မင်းဝတ် မိဘုရား
(နယ်လဲ့ ပုံ ၂၉)

(၃) မင်းလိုတင့်တယ်တာမြင်ချင်တဲ့ လူက၊ မင်းဝတ်ဆင်ပေးခွင့်ရှိတယ်ဆိုတဲ့ အယူနဲ့ ထုမယ်၊

အခုထိ စုဆောင်းရှာဖွေလို့ရတဲ့ မင်းဝတ်ဘုရားတွေထဲမှာ၊ ရက်စွဲအတိအကျ ပြောလို့ရတယ်လို့ထင်တဲ့ အစောဆုံး မင်းဝတ်ဘုရားကတော့၊ ၂၆ ဖေဖော်ဝါရီ ၁၇၁၄ရက်စွဲရှိတဲ့ ကျော့ပွန်းက မြေပုံဘုရားပါပဲ။ ပြီးတော့ မင်းဝတ်တစ်ဝက် ပုံတော်ကို ခေတ်ဦးပိုင်းတွေကသာ တွေ့ရပြီး၊ တစ်ဆယ့်ရှစ်ရာစု ကုန်က စပြီး မင်းဝတ်အပြည့် ရုပ်တုတော်တွေ ပေါ်လာပါပြီ။ (ရွှေလီမြစ်ထဲက ရတဲ့ကြေးဆင်းတုမင်းဝတ်ဘုရားပုံတော်။ ဒီအထဲမှာ ခြွင်းချက်အနေနဲ့ ထားရတာကတော့ တစ်ဆယ့်ကိုးရာစု ခေတ်ဦးကစပြီး ရိုးရိုးသင်္ကန်းရုံပုံတော်ထုပြီးမှ အပေါ်က မကိုဋ်တွေ၊ ဘယက် တွေ၊ စလွယ်တွေ ဆင်ပေးတဲ့ စန္ဒာမုနိ၊ သကျသီဟ၊ သကျရုံသီ၊ သကျမာရဇိန်နဲ့ မဟာမုနိတို့ ဖြစ်တယ်။ မင်းဝတ်ဘုရားမှာ ပါရှိနေတဲ့ မင်းဝတ်တန်ဆာဟာ ခေတ်ပြိုင်မင်းတွေရဲ့ အဝတ်ဖြစ်ရမယ်လို့ ယူဆနိုင်စရာရှိပါတယ်။ ဒါပေမဲ့ ရိုးရိုးသင်္ကန်းရုံဘုရားကို နောက်မှ မင်းဝတ်တန်ဆာဆင်ပေးရင်တော့၊ ဒီလိုအတိအကျပြောလို့ မဖြစ်ပြန်

mgyoe.com

ဘူး။ မန္တလေးက မဟာမြတ်မုနိကို သီပေါမင်းလက်ထက်မှာ မီးသင့်လောင်လို့ မျက်နှာတော်အသစ်ပြန်ဖွင့်ပြီး မင်းဝတ်ဆင်ပေးလို့ မဟာမုနိကို ၁၈၈၄ ခု သီပေါမင်းလက်ရာလို့ပဲ သတ်မှတ်ပါတယ်။

❑

mgyoe.com

mgyoe.com

## ဘုရားဒက္ခိဏာသာခ

ဗုဒ္ဓဆင်းတုတော်တစ်မျိုးကို ဒက္ခိဏာသာခရုပ်ပွားတော်လို့ ခေါ်တာရှိတယ်။ ဘာကြောင့် ဒီလို ခေါ်သလဲလို့မေးရင် အတိအကျပြောဖို့ မလွယ်သလို ဘယ်တုန်းက ဒီဘုရားမျိုး စတင်ထုလုပ်ကိုးကွယ်သလဲလို့မေးရင်လဲ မပြောတတ်ပါ။ ပြောတတ်တာက စပြီး ပြောရရင် ဒက္ခိဏ–တောင်ဘက်၊ သာခ–သစ်ကိုင်း။။ အဲဒါလောက်ကို နည်းနည်းထပ်ပြီး ရှင်းလို့ရသေးတယ်။ မဂဓနိုင်ငံ အသောကမင်းကြီး (၂၇၃–၂၃၂ BC) ကစပြီး ပြောရပါမယ်။ အသောကဟာ ဗိန္ဒုသာရရဲ့ သားတော်ဖြစ်တယ်။ မယား တစ်ဆယ့်ခြောက်ယောက်၊ သားတစ်ရာ့တစ်ယောက်ရှိတဲ့မင်း ဖြစ်ပါတယ်။ အသောကမယ်တော်က ဓမ္မာ၊ အသောကအစ်ကို သုမန၊ ညီ တိဿ။ အသောက ငယ်ငယ်က အဝန္တိနယ်စားဖြစ်ခဲ့တယ်။ အဝန္တိမြို့တော်က ဥဇ္ဇေနီဖြစ်ပါတယ်။ ခမည်းတော် ဗိန္ဒုသာရကံကုန်တော့ ပါဋလိပုတ္တကို အသောက ပြောင်းလာတယ်။ တိဿကလွဲလို့ ညီနောင်အားလုံးကိုသတ်ပြီး မင်းဖြစ်လာလို့ အသောကကို စဏ္ဍာသောကလို့လည်း ခေါ်ကြပါတယ်။ အသောကထားခဲ့တဲ့ ကျောက်တွင်းကမ္ပည်းတွေမှာ သူ့သားချင်းတွေ သိပ်များတာပါ။ ဇနီးလည်း များတယ်။ ပထမဇနီး ဒေဝီနဲ့ရတာကသား မဟိန္ဒနဲ့ သမီး သင်္ဃမိတ္တာဖြစ်တယ်။ မဟာဝံသကျမ်းအရ ပြောရရင် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ၂၁၈ နှစ်ကြာမှ အသောကရှင်ဘုရင်ဖြစ်တယ်။ နန်းရပြီး လေးနှစ်ကြာမှ ဘိသိက်ခံတယ်။ ဒီမင်းက သိပ်ပြီး တန်ခိုးဩဇာရှိလို့ ကောင်းကင်မှာ တစ်ယူဇနာ၊ မြေအောက်မှာ တစ်ယူဇနာထိ သူ့ကို

mgyoe.com

mgyoe.com


ကြောက်ရွံ့ရှိသေကြရတယ်။ သူသောက်ဖို့ သုံးဖို့ရေကို အနောတတ္တရေအိုင်က နတ်တွေက သယ်ဆောင်ပေးတယ်လို့ ပြောကြတယ်။ ဒီလိုပဲ သူသုံးဖို့ ဘာ ပစ္စည်းဖြစ်ဖြစ် အကောင်းဆုံးကို သုံးနိုင်အောင် ရှာဖွေပေးကြပါတယ်။ ယက္ခ၊ နာဂ၊ ကရဝိက ဆိုတာတွေက သူ့ကိုပြုစုဖို့ အနားက ရံနေကြတယ်။ သားငါး တွေကလဲ သဘောကောင်းလိုက်ကြတာ။ သူစားဖို့ သူ့စဖိုရှေ့မှာလာပြီး သေပေး ရတယ်လို့တောင် ပြောကြတယ်။

အသောကဟာ သူ့ဖခင်လက်ထက်က အလှူပေးသလို ဆက်ပြီး ခဏပဲ ပေးကမ်းစွန့်ကြံတယ်။ အလှူခံတွေကို စိတ်တိုင်းမကျတာနဲ့ အလှူပေးတာကို ရပ်စဲလိုက်ပါတယ်။ ဒါပေမဲ့ နန်းတော်ပြတင်းပေါက်က အလှူခံကို မျှော်လေ့ ရှိတယ်။ သူ့တူ နိဂြောဓက ဗုဒ္ဓသာသနာဝင် ရဟန်းအဖြစ်နဲ့ လာနေတာကိုမြင် တော့ ခေါ်ပြီး တရားစကားဆွေးနွေးတယ်။ အပ္ပမာဒဝဂ္ဂကို နိဂြောဓက ဟောတော့ မင်းကြီးက သိပ်ကျေနပ်လို့၊ တခြားအလှူတွေကိုရပ်ပြီး နိဂြောဓ နဲ့ သူ့ဂိုဏ်းဝင် ဗုဒ္ဓတပည့်ရဟန်းတွေကိုပဲ လှူတော့တယ်။ သူက အရင်တုန်းက နေ့စဉ် ငွေငါးသိန်းလှူတယ်။ အခု နိဂြောဓအလိုရှိရာ သုံးဖို့ဆိုပြီး ငွေတစ်သိန်း၊ ဗုဒ္ဓတရားကျောင်းတွေမှာ တရားဟောတဲ့ ရဟန်းတွေအတွက် ငွေတစ်သိန်း၊ ရဟန်းတွေအတွက် သင်္ကန်းပရိက္ခရာနဲ့ ဆေးဝါးအတွက် ငွေတစ်သိန်းလှူပါ တယ်။ နိဂြောဓကို တစ်နေ့သုံးကြိမ် သင်္ကန်းတစ်စုံစီ ပို့စေတယ်။ လှူဖွယ်ပစ္စည်း ကိုလည်း ဆင်နဲ့တင်ပြီး တစ်နေ့သုံးကြိမ် ပို့စေတယ်။ နိဂြောဓက တစ်ဆင့် တခြားရဟန်းတွေကို ပေးဝေရပါတယ်။ မောဂ္ဂလိပုတ္တတိဿရဟန်းက ဘုရား ဟောတဲ့ဒေသနာမှာ အပိုဒ်ပေါင်း ၈၄၀၀၀ (ရှစ်သောင်းလေးထောင်)ရှိတယ်လို့ သိတဲ့အခါ၊ နေရာအနှံ့နှံ့ပါး ဘုန်းကြီးကျောင်း ၈၄၀၀၀ ဆောက်ပေးတယ်။ အသက်နှစ်ဆယ်၊ အသက်တစ်ဆယ့်ရှစ်ရှိတဲ့ သားတော် မဟိန္ဒနဲ့ သမီးတော် သင်္ဃမိတ္တာတို့ကို နန်းသက် ခြောက်နှစ်ရတဲ့အခါ၊ မောဂ္ဂလိပုတ္တသိဿက ဥပဇ္ဈာယ်ဆရာလုပ်ပြီး ဘိက္ခု ဘိက္ခုနီလုပ်စေတယ်။ သာသနာမှာ မသင့်မြတ် တဲ့ ပုဂ္ဂိုလ်တွေက မဟုတ်မှန်တဲ့ တရားဟောနေတာကို ရပ်စဲအောင်လုပ်လိုတဲ့ အတွက်၊ မောဂ္ဂလိပုတ္တတိဿခေါင်းဆောင်ပြီး တတိယသင်္ဂါယနာတင်စေ တယ်။ (အကျင့်ဖောက်တဲ့ရဟန်း)တွေနဲ့ ဥပုသ်ပဝါရဏာ မပြုလိုတဲ့ ရဟန်းတွေ ရှိတဲ့အတွက် သံဃာတစ်ဖွဲ့တည်းမကွဲမပြား ညီညွတ်အောင်လုပ်ဖို့ အမတ်တစ်

mgyoe.com

mgyoe.com


ယောက်ကို စေခိုင်းတဲ့အခါ အခိုင်းခံရတဲ့ အမတ်ရဟန်းကောင်းတချို့ကိုပါ ခေါင်းဖြတ်သတ်တဲ့အထိ လုပ်မိတဲ့အတွက်၊ ရဟန်းဖြစ်နေပြီဖြစ်တဲ့ ဘုရင့်ညီတော် တိဿက အခုလိုမလုပ်ရလို့ တားမြစ်ရပါတယ်။

အသောကနန်းစံသက် တစ်ဆယ့်ခုနှစ်နှစ်မှာလုပ်တဲ့ သင်္ဂါယနာပွဲပြီးတဲ့အခါ အသောကမင်းက ဗုဒ္ဓသာသနာပြန့်ပွားဖို့အတွက် အောက်ပါစာရင်းအတိုင်း ရဟန်းတော်တွေကို လွှတ်ပါတယ်။

| | |
|---|---|
| မဇ္ဈန္တိက | ကသ္မီရနဲ့ဂန္ဓာရ |
| မဟာဒေဝထေရ် | မဟိသဏ္ဍလ |
| ရက္ခိတမထေရ် | ဝနဝါသီ |
| ဓမ္မရက္ခိတမထေရ် | အပရန္တက |
| မဟာဓမ္မရက္ခိတ | မဟာရဋ္ဌ |
| မဟာရက္ခိတမထေရ် | ယောနက |
| သောဏနဲ့ ဥတ္တရ | သုဝဏ္ဏဘူမိ |
| မဇ္ဈိမထေရ် | ဟိမဝန္တာ |
| မဟိန္ဒမထေရ် | တမ္ဗဒိပ |

နန်းစံတစ်ဆယ့်ရှစ်နှစ်မှာ သီရိလင်္ကာက ဒေဝါနံပိယတိဿက တောင်းပန်လို့ သင်္ဃမိတ္တာကို ဗုဒ္ဓဂယာရှိ ဗောဓိပင်ကြီးရဲ့ အကိုင်းတစ်ကိုင်းနဲ့ စေလွှတ်ပါတယ်။ အဲဒါမတိုင်မီကလဲ သင်္ဃမိတ္တာရဲ့ သား သုမနကို ဗုဒ္ဓမြတ်စွာရဲ့ဓါတ်တော်တချို့နဲ့ ဗုဒ္ဓမြတ်စွာရဲ့ သပိတ်တော်တွေကို သီဟိုဠ် (သီရိလင်္ကာ) မှာ ဘုရားဌာပနာဖို့ ပို့ဖူးပါတယ်။

အသောကမင်းဟာ သုံးဆယ့်ခုနှစ်နှစ် နန်းစံတယ်။ နောက်ပိုင်းနှစ်တွေမှာ သူပြုဖူးတဲ့ ကောင်းမှုတွေကို အကြောင်းပြုပြီး၊ သူ့ကို ဓမ္မာသောကလို့ခေါ်လာကြပါတယ်။ ဒီပဝံသ ကျမ်းထဲမှာ နေရာအနှံ့ သူ့နာမည်ကို ဖော်ပြတဲ့အခါ ပိယဒဿီလို့ ဖော်ပြတယ်။ သီဟိုဠ် (သီရိလင်္ကာ)ရဲ့ ရာဇဝင်ဖြစ်တဲ့ မဟာဝင်၊ စူဠဝင်ကျမ်းတွေမှာ အသောကမင်းကြီးနဲ့ သီဟိုဠ်ကျွန်းက ဒေဝါနံပိယတိဿမင်းတို့ဟာ သီဟိုဠ်ကို မဟိန္ဒမထေရ်သာသနာပြု မကြွမီကဘဲ မိတ်ဆွေအဖြစ် ရင်းနှီးတယ်။ တိဿနဲ့ အသောကတို့ မကြာခဏ လက်ဆောင်

mgyoe.com

mgyoe.com




ခုခေတ် ဒက္ခိဏသာခပုံဟာ သီရိလင်္ကာပုံလို့ သိရပါတယ်။ မြန်မာပုံကို သီရိလင်္ကာနဲ့ ကွဲပြားအောင် ဇောမိရိုးပုံလို့ ခေါ်တယ်။ အမှန်ကိုပြောရရင် အခုအခါ သီရိလင်္ကာပုံ ခေတ်စားနေပေမယ့် ဇောမိရိုးပုံက ပိုပြီးသပ္ပာယ်ပါတယ်။ အစောဆုံးရက်စွဲ (၂၃-ဇူလိုင် ၁၈၅၈) နဲ့ ဇောမိရိုး ဒက္ခိဏသာခပုံတော်ကို မုံရွာခရိုင်၊ သစ်ဆိမ့်ရွာ ရှင်ပင်ချမ်းသာကြီးဘုရားမှာ တွေ့ပါတယ်။ *(ပုံ-နယ်လှဲ့ ၃၄)*

ပစ္စည်းအလဲအလှယ်ပိုသလေ့ရှိတယ်။ တိဿက အသောကမင်းကြီး ဒုတိယအကြိမ် ဘိသိက်ခံပွဲမှာ သုံးဆောင်ဖို့၊ ပစ္စည်းလက်ဆောင်တွေကို သယ်ယူသွားဖို့ သံတမန်အဖြစ် စေလွှတ်မယ့်အမတ်တွေကို အသေအချာရွေးချယ်ပြီးမှ၊ အံ့သြဖွယ်ဖြစ်တဲ့ ပစ္စည်းအထူးအဆန်းတွေကို ပို့ပါတယ်။ ပြီးတော့ "ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဆိုတဲ့ ရတနာသုံးပါးကို ကောင်းစွာသက်ဝင်ယုံကြည်ပြီးဖြစ်လို့၊ အသင်မင်းကြီးလဲ အလားတူ စိတ်ထားကာ သကျပုတ္တသာသနာကို သက်ဝင်ယုံကြည်ပါ။ လူတကာတို့အတွက် ဖြစ်တဲ့ သင်မင်းကြီးလဲ ယုံယုံကြည်ကြည် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ပါ" လို့ အထူးတမန်တွေကို စေလွှတ်ပြီး ပြောကြားပါတယ်။ ပေတဝတ္ထုအဋ္ဌကထာမှာ ပိင်္ဂလအမည်ရှိတဲ့ သုရဋ္ဌဘုရင်ဟာ၊ အသောကနဲ့ မကြာခဏတွေ့ဆုံပြီး တရားဆွေးနွေးလေ့ရှိတယ်။ အသောကရဲ့ မိတ်ဟောင်း (သို့မဟုတ်) ဆရာဖြစ်မယ် ထင်ရပါတယ်။ အသောကကို ဒီပစက္ကဝတ္တိလို့ ခေါ်ကြလို့၊ ဗိမ္ဗိသာရနဲ့ ပသေနဒီတို့ထက် အများကြီးတန်ဖိုးသြဇာကြီးမားတယ်လို့ ဆိုနိုင်ပါတယ်။ ပသေနဒီလဲ ဘုရားလောင်းဖြစ်ပါတယ်။ နောင်ပွင့်မယ့် လေးကြိမ်မြောက် ဘုရားဟာ ပသေနဒီဖြစ်တယ်လို့ အနာဂတဝံမှာ ဖော်ပြထားပါတယ်။

အပေါ်မှာပြောခဲ့တာတွေအရ ဒက္ခိဏသာခဘုရားဆင်းတုတွေဟာ၊ ဗုဒ္ဓဂါယာရှိ ဗောဓိပင်ကြီးရဲ့ တောင်ဘက်ကိုင်းကို သီဟိုဠ် (သီရိလင်္ကာ)ကို မဟိန္ဒနဲ့ သင်္ဃမိတ္တာတို့ ယူသွားစေပြီး ဟိုမှာစိုက်တယ်၊ အဲဒီအပင်က ကြွေကျတဲ့သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တွေကို ပြာချပြီး သစ်စေးသရိုးနဲ့ ဘုရားဆင်း

mgyoe.com

mgyoe.com


တု ထုပါတယ်။ ရေကန်မှာ ကလေးငယ်တွေ ရေကစားရင်း ဘုရားဖြစ်သွားတယ်ဆိုတဲ့ ပုံပြင်တစ်ခုအရ၊ ဒက္ခိဏာသာခရုပ်ပွားတော်ကို ကလေးငယ်ရဲ့ ကိုယ်လုံးသဏ္ဌာန် ထုရတယ်။ ကြာဖက်ဆောင်းရတယ်၊ ပလ္လင်အောက်မှာ ရေကန်၊ ကြာနဲ့ငါးရုပ်တွေ ထည့်ပြီး ထုရတယ်။ ပြီးတော့ ဓာတ်တော်ကို ဆင်းတုရဲ့ ကိုးနေရာမှာ တွင်းကလေးထွင်းပြီး ထည့်ရတယ်။ စို့ကိုးချက်နှက်တယ်လို့ ဆိုလိုပါတယ်။ စို့ကိုးချက်ကို တွေ့မယ်နေရာတွေကတော့ -

(၁) နဖူးတော်မှာ စို့တစ်ချက်

(၂-၃) လက်ဝဲ လက်ယာ နားသယ်တစ်ဖက်တစ်ချက်မှာ စို့တစ်ချက်စီ

(၄-၅) လက်ဝဲ လက်ယာ ပုခုံးစွန်းတစ်ဖက်တစ်ချက်မှာ စို့တစ်ချက်စီ

(၆-၇) လက်ဝဲ လက်ယာ ဒူးမှာ စို့တစ်ချက်စီ

(၈-၉) လက်ဝဲ လက်ယာ တင်ပါးမှာ စို့တစ်ချက်စီ

စို့ရိုက်ပြီး ဓာတ်တော်တွေ ထည့်ထားတဲ့ တွင်းကလေးတွေကို ပိတ်ရတယ်လို့ ဆိုလိုပါတယ်။ ပလ္လင်အောက်မှာ ကြာငါးခိုင်နဲ့ ငါးရုပ်တွေ ပါမြဲဖြစ်ပါတယ်။

ဒက္ခိဏာသာခရုပ်ပွားတော်ကို အိမ်မှာ ကိုးကွယ်ထားရင် မီးအန္တရာယ်လွတ်တယ်၊ မီးကွင်းတယ်လို့ ယုံကြည်ကြပါသည်။

(၁-၁၅၊အောက်၊ ၂၀၀၃)

❑

mgyoe.com

mgyoe.com

# မြန်မာနိုင်ငံရဲ့ ဗုဒ္ဓအနုပညာ

# (BUDDHIST ART IN MYANMA)

ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွား ထွန်းကားလာပုံကို လေ့လာတာနဲ့ပဲ၊ ဗုဒ္ဓအနုပညာနဲ့ ဗုဒ္ဓ (သာသနိက) အဆောက်အအုံတွေအကြောင်းကိုပါ သိနိုင်ပါတယ်။ ဗုဒ္ဓသာသနာ အဆင့်ဆင့် ထွန်းကားလာပုံကို အကျဉ်းအားဖြင့် ပြောရရင် -

(၁) ခရစ်မပေါ်မီ ၅ ရာစုနှစ်ကစပြီး၊ မဇ္ဈိမဒေသမှာ ဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့ပါတယ်။

(၂) မောရိယအနွယ် မဂဓဘုရင် အသောကဟာ ဗုဒ္ဓသာသနာကို အိန္ဒိယမှာ ပြန့်ပွားဖို့၊ ခရစ်မပေါ်မီ ၃ ရာစုနှစ်က အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်။

(၃) ခရစ်သာသနာ ပေါ်ထွန်းချိန်မှာ ဗုဒ္ဓသာသနာမှာ ဂိုဏ်းကွဲတွေ ရှိလာတယ်။ မြောက်ပိုင်းနိုင်ငံတွေမှာ ယုံကြည်တဲ့ ဗုဒ္ဓသာသနာကို မဟာယာနလို့ ခေါ်ပြီး၊ တောင်ပိုင်းနိုင်ငံတွေမှာ ယုံကြည်တဲ့ ဗုဒ္ဓသာသနာကို ဟိနယာန (သို့မဟုတ်) ထေရဝါဒလို့ ခေါ်တယ်။ မဟာယာနရဲ့ ထူးခြားချက် တစ်ရပ်က ဘုရားလောင်းတွေကို ကိုးကွယ်ခြင်းဖြစ်တယ်။ အထင်ရှားဆုံး ဘုရားလောင်းတွေက အဝလောကိတေသွာရနဲ့ မဉ္ဇူသီရိဖြစ်တယ်။

(၄) ကနိသျှကဘုရင်က ခရစ်ပေါ်ပြီး ဒုတိယရာစုနှစ်အတွင်းမှာ မဟာယာနသာသနာ ပြန့်ပွားအောင် အထူးကူညီ ထောက်ပံ့ခဲ့တယ်။

mgyoe.com

mgyoe.com


(၅) ဂုပ္တမင်းတွေဟာ ခရစ်သုံးရာစုနှစ်မှ ခြောက်ရာစုနှစ်အတွင်း၊ ဗြဟ္မဏဝါဒကို အားပေးတယ်။ ဒါပေမဲ့ ဗုဒ္ဓသာသနာရဲ့ ဂိုဏ်းနှစ်ဂိုဏ်းစလုံးကို နှောင့်ယှက်ဟန့်တားတာ မလုပ်ဘူး။

(၆) ဘုရင်ဟာရ်ရှဟာ မဟာယာနသာသနာကို ထောက်ပံ့တယ်။ အရှေ့မြောက်အိန္ဒိယမှာ နာဠန္ဒသာသနာကို အားပေးတယ်။ ကျော်ကြားတဲ့ ဗုဒ္ဓတက္ကသိုလ်လို့ နာဠန္ဒမှာ ထွန်းကားခဲ့တယ်။ အိန္ဒိယအရှေ့တောင်ကမ်းရိုးတန်းမှာ ဟိနယာနသာသနာ ဆက်လက်ထွန်းကားတယ်။ အရှေ့မြောက်မှာ ပါလနိုင်ငံနဲ့ တောင်ဘက်မှာ ပလ္လဝနိုင်ငံတို့ရှိတယ်။ အဲဒီဒေသနှစ်ခုစလုံးမှာ ဟိနယာနဂိုဏ်းက ကြီးစိုးလျက် ရှိတယ်။

(၇) မဟာယာနဟာ ဟိန္ဒူတန္တြနဲ့ နှီးနွယ်လာတယ်။ အမျိုးသမီးဘုရားလောင်း တာရာဒေဝီကို ကိုးကွယ်သူပေါ်များလာတယ်။ ဘုရားလောင်းနဲ့ ကြင်ရာတော်တွေ တွဲပြီး ကိုးကွယ်ကြတယ်။

## ဗုဒ္ဓအနုပညာနဲ့ဗိသုကာထွန်းကားလာပုံ

ဗုဒ္ဓသာသနာ အဆင့်ဆင့်ပြန့်ပွားထွန်းကားလာတဲ့အခါ၊ ဗုဒ္ဓအနုပညာလဲ ကြီးပွားလာရတယ်။

(၁) အသောက (၂၇၂-၂၄၃ ဘီစီ )ခေတ်မှာ စေတီ၊ ပုထိုးစတင်ပေါ်ပေါက်ခဲ့တယ်။ အဲ့ဒီစေတီတွေဟာ စင်စစ်အားဖြင့် ဓာတ်တော်ဌာပနာရာ နေရာသာဖြစ်လို့ စပါးပုံကြီးသဏ္ဍာန်ရှိတဲ့ ဓာတ်တော်တိုက်ပဲလို့အပ်တယ်။ ဓာတ်တော် ကိန်းဝပ်ရာဖြစ်လို့၊ သာရီရကစေတီလို့ခေါ်ဆိုထိုက်တယ်။ စေတီမှာ မုခ်လေးမုခ်နဲ့ တောရဏ လေးခုရှိတယ်။ တောရဏတစ်ခုစီမှာ ဇာတ်တော်တွေကို ထွင်းထုပြီး အလှဆင်ထားတတ်တယ်။ ဗုဒ္ဓပုပ္ပတ္တိကိုလဲ ထွင်းထုပါတယ်။ ဒါပေမဲ့ ဘုရားပုံတော် (ဆင်းတု)မရှိသေးပါ။ ဘုရားပုံတော်ကို မထုဘဲ ဘုရားလို့သိမှတ်စရာ တံဆိပ်လက္ခဏာတော်တွေကို သုံးတယ်။ ဥပမာ - ကြာပွင့်၊ ညောင်ပင်၊ စကြာ၊ ခြေတော်

mgyoe.com

mgyoe.com

တိုက် (ဓါတ်တော်ကြုတ်)၊ ထီးနဲ့ ခြေတော်ရာတွေကိုထားပြီး ကိုးကွယ်ကြတယ်။ စံအားဖြင့်ထားအပ်တဲ့ စေတီတွေက -

(က) သဉ္စိ (SANCHI) စေတီ

(ခ) ဘရ်ဟုတ် (BHARHUT) စေတီ

(ဂ) ဗုဒ္ဓဂါယာ (BUDHAGAYA) စေတီနဲ့

(ဃ) အိန္ဒိယ အရှေ့တောင်ကမ်းရိုးတန်းက အမရဝတီ (AMARAVATI) စေတီ တို့ဖြစ်ပါတယ်။

(၂) အသောကရဲ့ ခြင်္သေ့လေးစီးကျောက်တိုင်မှာ ကြာမှောက်ထည့်တယ်။

(၃) ခရစ်တော်ပေါ်စအခါလောက်ကစပြီး၊ ဥဒ္ဒိဿစေတီလို့ ရှိလာပါတယ်။ အင်ဒိုဂရိတို့ လုံ့လနဲ့ ဗုဒ္ဓရုပ်ပွားဆင်းတု ပေါ်လာတယ်။ ဆင်းတုကို


(က) ဂန္ဓာရမှာ အစစ်အမှန်နဲ့တူအောင် (သဘာဝဝုတ္တိ) ရုပ်တုကို ထုလုပ်တယ်။

(ခ) မ ထုရ မှာတော့ နီးစပ်တဲ့အသွင်သဏ္ဍာန် (ဝဏ်ဝုတ္တိ) ရုပ်တုကို ထုလုပ်တယ်။

(၄) ခရစ်နှစ်အစလောက်မှာ သဘာဝလိုဏ်ဂူတွေကို ဝိဟာရ (ဘုန်းကြီးကျောင်း)အဖြစ် အသုံးပြုလာကြရာမှာ အဝင်၊ အထွက်မုခ်တွေမှာ အလှဆင်ဖို့ ညောင်ရွက်တွေကို ထောင်ပြီး စီတန်းထားတတ်ကြတယ်။ မွန်တွေက စုလစ်လို့ခေါ်တယ်။ အမှန်တော့ နေစာ ပြတင်းပေါက်ဖြစ်တယ်။ အဲ့ဒီပြတင်းပေါက်မျိုးရှိတဲ့ ကျောင်းဆောင်မျိုးကို အဇန်တ (AJANTA) မှာ အသုံးများတယ်။ နံရံနဲ့ မျက်နှာကြက်မှာ ရောင်စုံခြယ်တဲ့ ပန်းတွေကို ရေးဆွဲတတ်တယ်။ အဲ့ဒီလိုပဲ ဇာတ်တော်တွေနဲ့ ဗုဒ္ဓပုပ္ပတ္တိကိုလဲ ရေးဆွဲပါတယ်။ ကျောက်နဲ့ ရုပ်တုတွေကိုလည်း ထွင်းပါတယ်။

(၅) ခရစ်နှစ် ၃၀၀ က ၆၀၀ အတွင်းကို ဂုပ္တခေတ်လို့ခေါ်တယ်။ ဟိန္ဒူသြဇာလွှမ်းမိုးတဲ့ ပန်းချီ၊ ပန်းပုခေတ်ဖြစ်ပါတယ်။ အဲ့ဒီခေတ် လက်ရာတွေဟာ အထူးပြောင်မြောက်ကောင်းမွန်တယ်။

mgyoe.com



အာနန္ဒာစေတီ၊ ပုဂံ။

ဒါကြောင့် အဲ့ဒီခေတ်ကို 'ထုံးပြုစံပြုခေတ်'လို့ ချီးမြှောက်ခေါ်ဆို လေ့ရှိတယ်။ ထူးမြတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ရုပ်တုနဲ့ ပုံတော်တွေမှာ လက်ဟန်ခြေဟန်ကို ကြည့်ပြီး၊ ဘယ်လို အလိုဆန္ဒရှိတယ်လို့ နားလည်ကြရတယ်။ အဲဒီလို ပြဋ္ဌာန်းချက်ကို လက်အနေအထား (မုဒြာ)၊ ခြေအနေအထား (အာသန)လို့ သတ်မှတ်တယ်။ ကိုယ်ဟန်ကိုလဲ နွဲ့နှောင်းဟန် ထုလုပ်ရေးဆွဲ တတ်ပါတယ်။ ရုပ်တုကို အထူးဂရုပြုပြီး ကောင်းမွန်ပီပြင်အောင် ထုလုပ်ကြလို့၊ ရုပ်တုကို ကြည့်ပြီး ဘယ်ခေတ်၊ ဘယ်ဒေသ လက်ရာလို့ ပြောနိုင်လောက်အောင် ထူးခြားပြောင်မြောက်လာပါတယ်။

(၆) ခရစ်နှစ် ၆၀၀ က ၁၂၀၀ အတွင်း၊ တန္တြဗုဒ္ဓသာသနာ ပေါ်ထွန်းလာတဲ့အခါ ဘုရားလောင်းနဲ့ ကြင်ရာတော်ပါ တွဲဖက်ပြီး ရုပ်တုကိုပြုလုပ် ကိုးကွယ်လာကြတယ်။ ဂူကို ကျောင်းအဖြစ် အသုံးပြုလာကြတယ်။ ပါလနဲ့ ပလ္လဝတို့မှာ ဂူကိုကျောင်းပြုလုပ်ခြင်းဟာ များစွာ ခေတ်စားလာပါတယ်။ ဂူကို အထွတ်တင်တယ်။ အထွတ်ကို သိခရလို့ခေါ်တယ်။ မြန်မာက ပန်းတောင်းလို့ မြန်မာပြန်တယ်။ ဂူကို ကုလားကျောင်းလို့လဲ ခေါ်ပါသေးတယ်။

mgyoe.com

mgyoe.com


ဂူကို အကျယ်ကြီးဖြစ်အောင် ပြုလုပ်ထားတာကို မဏ္ဍပ် (သို့မဟုတ်) ဦးဆက်မုခ်ထွက်လို့ ဖော်ပြလေ့ရှိတယ်။ အလင်းရောင်အတွက် ဖောက်တဲ့၊ အပေါက်ငယ် (ပြတင်းပေါက်)တွေရှိတယ်။ ဆင်စွယ်ဝမ်းယှက်၊ ပန်းအခွေအလိပ်၊ အနွယ်အညွန့်နဲ့ အလင်္ကာရဖြစ်အောင် ဖန်တီးတတ်ကြတယ်။ ပြတင်းပေါက်က ငယ်လို့ အတွင်းကို ကောင်းကောင်း လင်းရှင်းအောင် မလုပ်နိုင်ပါ။ အတွင်းစပ်မှာ အမှောင်ရှိတာကို ကြိုက်နှစ်သက်တဲ့ခေတ်လို့ ခေါ်ဆိုရပါတယ်။

အဆောက်အအုံရဲ့ သဘောထားကို ခြုံငုံပြီး ဖော်ပြရရင်၊ စေတီဟာခင်ပိတ်ဖြစ်ရင် တည်ငြိမ်တယ်၊ ခိုင်ခံ့တယ်၊ (သန္တသဘော)ဖြစ်တယ်။ မြင့်မြင့်စွင့်စွင့်ဖြစ်ရင် တက်ကြွတဲ့သဘောဆောင်တဲ့အတွက် (ဝီရသဘော)ဖြစ်တယ်။ ကျောက်ဆစ်ကို ပန်းတမော့၊ အင်္ဂတေပန်းကို ပန်းတော့၊ သစ်သားပန်းကို ပန်းပု၊ ဆေးရေးကို ပန်းချီလို့ ခေါ်ဆိုတယ်။ အဲဒီလက်ရာတွေဟာ (ကုန်းဘောင်ခေတ်လွန်မှာ) အထူးပြောင်မြောက်တိုးတက်လာပါတယ်။

## ဗုဒ္ဓသာသနာပြန့်ပွားလာခြင်း

(၁) ကုန်သည်တွေ၊ သာသနာပြုတွေ လာရောက်ခိုလှုံသူတွေကြောင့် အိန္ဒိယမှ ပန်းချီ၊ ပန်းပု၊ ရုပ်တုများဟာ အာရှတစ်ခွင် ပြန့်ပွားသွားတာဟာ အထူးသဖြင့် ခရစ် ၃-၄ ရာစုနှစ်တွေမှာ ဖြစ်ပါတယ်။ (ဗုဒ္ဓသာသနာနဲ့အတူ) အိန္ဒိယ အနုပညာ ဗိသုကာလက်ရာတို့လဲ အိန္ဒိယအပြင်ကို ပြန့်ပွားသွားကြတယ်။ အရင်းမူလနေရာတွေကတော့ မဂဓ (သို့မဟုတ်) အမရာဝတီ ဖြစ်ပါတယ်။

(၂) အရင်အနှစ် ၆၀၀ ကျော်၊ ဂုပ္တခေတ်နှောင်းမှာ ပါလနဲ့ ပလ္လဝ ပန်းချီ၊ ပန်းပုနဲ့ အနုပညာရှင်တွေ အရှေ့တောင်အာရှကို ရောက်လာကြတယ်။ အဲဒီပညာရှင်တွေက သူတို့တတ်တဲ့ ပညာတွေကို သင်ကြားပေးတဲ့အတွက် ပညာရပ်တွေ ပြန့်ပွားလာတယ်။ ဒါ့အပြင် ရောက်ရာအရပ်က အကြိုက်တွေ ပေါင်းစပ်လို့ တစ်မျိုးတစ်ဖုံ တိုးပွားလာတယ်။ ဒေသဆိုင်ရာဓလေ့၊ စေတနာ၊ စိတ်

mgyoe.com

mgyoe.com



ဘုရားလောင်း ဆံတော်ပယ်ခန်းရုပ်တု။
အာနန္ဒာ၊ ပုဂံ။

ကူးနဲ့ အကြိုက်တွေ ပေါင်းစပ်လိုက်တဲ့အခါ၊ ဂုပ္တခေတ် ၉ ရာစုလက်ရာ ပေါ်ရောဖုဒွေါဘုရားကြီးမျိုး၊ ၁၀-၁၂ရာစုနှစ် ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု(ပုဂံ) ဘုရားကြီးမျိုး၊ ၁၂ ရာစုနှစ် ကမ္ဘောဒီးယားက အန်ကောဝတ်ဘုရားကြီးမျိုး၊ လက်ရာတွေ ပေါ်ပေါက်လာပြီး၊ ကမ္ဘာ့တိုင်းပြည်အနှံ့ကျော်ကြားခဲ့ပါတယ်။

ပုဂံမြန်မာတွေဟာ အိန္ဒိယအနုပညာနဲ့ ဗိသုကာပညာကို တွေ့ကြုံနေရတာ အနည်းဆုံး အနှစ်နှစ်ရာလောက်ရှိပြီဖြစ်တဲ့ ခရစ်တစ်ဆယ့်တစ်ရာစုနှစ် ရောက်တဲ့အခါ ကျယ်ပြန့်တဲ့ လက်နက်နိုင်ငံကို တည်ဆောက်ဖို့ စတင်ကြံစည်လာကြတယ်။ ဆိုင်ရာအလှအပ အဆင်တန်ဆာတွေနဲ့ အဆောက်အအုံတွေကိုလဲ ဆောက်ဖြစ်လို့ အခုအခါ တအံ့တသြ လေ့လာနေကြရပါတယ်။ ပုဂံဒေသဧရိယာကို အကြမ်းအားဖြင့် ငါးမိုင်စတုရန်းလို့ သတ်မှတ်ပါတယ်။ ဒီအတွင်းမှာ အရေးပါတဲ့ စေတီပုထိုး ၁၂၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

ဘာကြောင့် အခုလောက် ကုသိုလ်ကောင်းမှုတွေ များနေသလဲလို့ စစ်ဆေးတဲ့အခါ -

(၁) မြန်မာတွေဟာ တိုးတက်ဖူးပွင့်စ၊ နိုင်ငံထူထောင်စ ဖြစ်လာလို့ နယ်သစ်ပယ်သစ်တွေသိမ်းတယ်။ စိုက်ပျိုးဧရိယာ ချဲ့တယ်။ ကြီးကျယ်တဲ့ အဆောက်အအုံတွေကို (အစပထမ) နိုင်ငံခြား အင်ဂျင်နီယာတွေနဲ့ ဆောက်စပြုတယ်။

mgyoe.com

mgyoe.com



ဒွာရပါလနတ်ရုပ်၊ အာနန္ဒာ၊ ပုဂံ။

(၂) မြန်မာ့စပါးကျိုလို့ တင်စားခေါ်ဆိုခဲ့တဲ့ လယ်တွင်းတစ်ဆယ့်တစ်ခရိုင်နဲ့ မင်းဘူးခြောက်ခရိုင်မှာ စပါးစိုက်ပျိုးရေးအောင်မြင်လို့ ဝင်ငွေကောင်းပြီး၊ ကျောင်း၊ ဘုရား၊ စေတီပုထိုးတွေ တည်ဆောက်နိုင်တဲ့ အင်အားလဲရှိလာတယ်။

(၃) မြန်မာနိုင်ငံရေးစိတ်ဓာတ်နဲ့ ဗုဒ္ဓသာသနာပြုစိတ်ဓာတ်တွေ တွဲဖက်ပေါ်လာလို့ တစ်ဖက်က စီမံဆောင်ရွက်တတ်တဲ့ နေရာမှာ ထူးခြားတဲ့ အနိရုဒ္ဓလို၊ ထိလိုင်မင်းလို ခေါင်းဆောင်တွေဟာ အမျိုးသားစည်းလုံးရေးမှာ ထိရောက်စွာ အောင်မြင်တာရဲ့ ရလဒ်အဖြစ်၊ သာသနိက အဆောက်အအုံတွေ အပြိုင်အဆိုင်ဆောက်လုပ်လှူဒါန်း လာကြတယ်။ မိမိရဲ့ ကြီးကျယ်အောင်မြင်မှုကို လူတွေသိဖို့ရာ သာဓကပြဖို့၊ ဘုရားတည်တာကလွဲပြီး တခြားဘာမှ မလုပ်တတ်တာကို တွေ့ရပါတယ်။

တခြား သတိရဖွယ် အဆောက်အအုံတွေကိုတော့ ဆောက်လေ့မရှိကြပါ။ တချို့ ရှင်ဘုရင်ကတော့ အောင်မြင်လာတာနဲ့ တစ်ပြိုင်နက် မြို့သစ်တည်တယ်၊ နန်းသစ်ဆောက်တယ်။

တွေ့ရတတ်သမျှ အဆောက်အအုံတွေကို အမျိုးအစားခွဲတဲ့အခါ -

(၁) လောကီ


(၂) လောကုတ္တရာလို့ ခွဲခြား တွေ့ရှိရပါတယ်။

mgyoe.com

mgyoe.com


## လောကီဆိုင်ရာအဆောက်အအုံ

လောကီအဆောက်အအုံဆိုရင် နန်းတော်ဆောက်တာက စပြီး ပြောရမယ်။ နန်းတော်ကို သစ်နဲ့ပဲဆောက်တယ်။ အုတ်၊ အင်္ဂတေနဲ့ဆောက်တဲ့ အဆောက်အအုံလို ကြာကြာမခံပါ။ ပျဉ်အုတ်ကြွပ်၊ မြေအုတ်ကြွပ်မိုးလေ့ရှိပါတယ်။ ဒါကြောင့် အဆောက်အအုံများ ကြာကြာမခံပါ။ မကြာခဏ မီးကြီးကြီးကျယ်ကျယ် လောင်လေ့ရှိတယ်။ ခရစ်နှစ် ၁၁၀၁-၁၁၀၂ မှာ ထီလိုင်မင်းက နန်းတော်သစ် တည်ဆောက်ခဲ့တယ်။ ပုဂံခေတ်မှာ အိမ်တဝ်သျှင်လည်း နန်းသစ်တည်ဆောက်ခဲ့တယ်။ အင်းဝခေတ်မှာ ရွှေနန်းကြော့ရှင်မင်း ဖြစ်တဲ့အခါ နန်းသစ်ဆောက်တယ်။




ထီးလှိုမင်းလှို၊ ပုဂံ။

(၁) တံတိုင်း၊ ကျုံးနဲ့ အိမ်ကို ဝန်းဝိုင်းကာရံထားရတာက လုပ်မြဲကိစ္စတစ်ခုဖြစ်တယ်။ အဝန်းအဝိုင်းဟာ တစ်မိုင် စတုရန်းနီးပါးရှိတယ်။ တံတိုင်းတစ်ဖက်မှာ အဝင်ပေါက်နဲ့ တံခါးသုံးခုစီထားလေ့ရှိတယ်။ အဲ့ဒီဝိုင်းရဲ့ အလယ်ဗဟိုမှာ နန်းတော်ရာဖြစ်တယ်။

mgyoe.com

mgyoe.com

**အပယ်ရတနာမှ နံ့ရံဆေးရေးပန်းချီ (ဆွဲပုံ)။**

(၂) ထိလိုင်မင်းရဲ့ နန်းတည်ကျောက်စာအရ၊ နန်းတော်ကို ပဉ္စယံငါးဆင့် (ပဉ္စပါသဒ)ရှိတဲ့ ပြာသဒ်အဖြစ် တည်ဆောက်ပါတယ်။ လှေကားတပ်ရတဲ့အတွက် အနည်းဆုံး မြေပြင်ပေါ်မှာ အဆင့်တစ်ဆင့် တက်နေမှာဖြစ်ပါတယ်။ တံခါးနဲ့ ပြတင်းတွေမှာ (စုလစ်)ခေါ်တဲ့ အချွန်အတက်တွေ တပ်ဆင်ထားမှာ ဖြစ်ပါတယ်။ ပင်မအဆောင်မှာ တောင်–မြောက်ကန့်တဲ့ (မာရဗင်)ရှိပြီး၊ အရှေ့ခန်း (မျက်နှာစာ)နဲ့၊ အနောက်ခန်း (နောက်ဖေး) ဆိုပြီး ရှိပါတယ်။ အရှေ့ခန်းမှာ ရာဇပလ္လင်ရှိပြီး၊ အနောက်ခန်းက စုရုံးရာအခန်းမျှသာ ဖြစ်ပါတယ်။ ပြာသဒ်ကြီးကို ခြွေရံသင်းပင်တို့နေစရာ အဆောင်ဆောင်က တွဲလျက်၊ ကပ်လျက်ရှိပါတယ်။ နန်းတည်ကျောက်စာရဲ့ ချို့ယွင်းချက်က အဆောင်အခန်းဖွဲ့ပုံကို အခုထက်ပိုပြီး မဖော်ပြခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ (နံ့ရံဆေးရေးနဲ့ ငါးရာ့ငါးဆယ် ဇာတ်ကွက်များအရ) ဆောင်မဟာ ပြာသဒ်ဖြစ်ပြီး အခြားအဆောင်များက အလယ်ဆောင်မကို ရံလျက်ရှိကြပါတယ်။ နန်းတည်ကျောက်စာမှာ (သစ်စုခြင်း၊ ပရိတ်ရွတ်ခြင်း၊ ရေသယ်ပြီးသစ်တွေကို ဆေးကြောခြင်း၊ တွင်းတူးပြီးတိုင်ထူခြင်းစတဲ့၊ အဲ့ဒီခေတ်က သိပ်အရေးပါလှတယ် ဆိုတာကိုပဲ ဖော်ပြထားပြီး) ပန္နက်ပုံကို လုံးဝဖော်ပြခြင်း မရှိပါ။ နံ့ရံဆေးရေးပုံတွေမှာ ပါတဲ့အတိုင်း ပြောရရင် ဆောင်မမှာ ဘုံအဆင့်ဆင့် ရှိမယ်။ တစ်ဆင့်ထက်တစ်ဆင့် ငယ်သွားတဲ့အတွက် ပြာသဒ်ထိပ်မှာ ချွန်နေမယ်။ အရှေ့တောင် အာရှနိုင်ငံတွေမှာ ဒီလို နန်းတော်ပုံစံမျိုးသာ များမယ်လို့ မှန်းဆနိုင်ပါတယ်။ တရုတ်၊ ကုလားတို့က ဒီလိုနန်းတော်မျိုးကို ချီးမွမ်းမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


## သာသနိကအဆောက်အအုံ

(၁) ဆောက်လုပ်ရေးအတွက် သစ်ကိုပဓာနထားသုံးစွဲတယ်။ မြေ၊ ကျောက် သုံးမယ် မထင်ပါ။

(၂) တံတိုင်းကို နှစ်ထပ်ရံမယ်။ တံတိုင်းကို အရင်ဦးစွာ ခတ်မယ် ထင်ရတယ်။ တံတိုင်းရဲ့နောက်မှာ (မီးတား)ဆိုတဲ့ စကားကို ကပ်လျက် ရေးထားတတ်ပါတယ်။

(၃) အလယ်အဆောက်အအုံကို မြေပြင်ထက် နည်းနည်းမြင့်တဲ့ ခုံပေါ်မှာ ဆောက်တယ်လို့ ယူဆရတယ်။

(၄) အပြင်ဘက်မှာ အလှဆင်ထားတဲ့ အချွန်အတက်တွေ၊ အတွင်းမှာ အလှဆင်ထားတဲ့ (သစ်သား)ပန်းပုနဲ့ မာရဗင် (ကန့်လန့်ကာ) တွေဟာ၊ ပန်းအခွေအလိပ် အညွန့်အတက်နဲ့ ဇာတ် ၅၄၇ ဇာတ်ပုံတွေ ဖြစ်ပါတယ်။

အကောင်းနမူနာအနေနဲ့ ပုဂံမင်းနန်သူရွာမှာ အမတ်ကြီး အနန္တသူဇနီးမောင်နှံတို့ ခရစ်နှစ် ၁၂၂၃ ခုမှာ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းဘုရားတွေမှာ ကြည့်ပါ။ အခြေခံပုံစံကို အိန္ဒိယက ရတယ်လို့ဆိုရပေမယ့် ပုဂံရှိတိုင်းရင်းသားတို့အကြိုက် လိုက်ပြီး ပြုပြင်ထားတာ ဖြစ်ပါတယ်။

အဆောက်အအုံတို့ကိုကြည့်ပြီး ပြောင်းလဲတိုးတက်မှုတွေကို ပြောရမယ်ဆိုရင်

(၁) စေတီကို မီးတောက်မြင့်ဖို့ လေမှုတ်ပေးတဲ့ မီးပြောင်းပုံသဏ္ဌာန်အတိုင်း၊ လုံးပတ်ကြီးလှတဲ့တိုင်ကို မြင့်မြင့်ထူထားတယ်။ အဲဒီကမှ အုပ်ဆောင်းကြီး ပုံစံမျိုးဖြစ်အောင် တဖြည်းဖြည်း ကူးပြောင်းယူပါတယ်။

(၂) အဝင်-အထွက် တံခါးကို စတုဂံပုံမှ၊ ထိပ်မှာ ကုန်းချွန်းတပ်ပြီး (ရာဇပလ္လင်တံကဲမျိုး)ဖြစ်အောင်၊ အလှဆင်ထားပါတယ်။

(၃) ဓာပြတင်းလို အလှဆင်ထားတဲ့ ပြတင်းငယ်ငယ် အရေအတွက်နည်းနည်းထားမြဲကိုပြင်ပြီး၊ ပြတင်းပေါက်ကျယ်ကျယ်၊ လုပ်ပေးထားတဲ့အခါ အရင်ကလို အတွင်းခန်း မှောင်မနေဘဲ လင်းလာပါတယ်။

mgyoe.com

mgyoe.com

(၄) မြေပြင်ထက် သိပ်မမြင့်၊ မြေပြင်မှာ ပြားကပ်နေတဲ့ အဆောင် လို့ထင်ရတဲ့၊ (ဘုရား)ကျောင်းဆောင်ဟာ အချွန်အတက်တွေ ဝေဝေဆာဆာနဲ့ ငွားငွားစွင့်စွင့် ''မိုးထိအောင် မြင့်တက်သကဲ့ သို့'' မြင်ကြရပါတယ်။

နှိုင်းယှဉ်ပြောပြမှုပဲ အပေါ်မှာ ပြောခဲ့တာတွေကို ထင်ထင်ရှားရှားမြင်သာမှာ ဖြစ်တယ်။ လောကနန္ဒာဟာ အခုထိ တိုင်လုံးကြီးသဏ္ဌာန်ဖြစ်ပြီး၊ ရွှေဆံတော်က ခေါင်းလောင်းပုံစံဖြစ်ကာ ပစ္စယံကို ငါးဆင့်က သုံးဆင့်သို့ လျှော့ချထားလိုက် ပါတယ်။ အဲ့ဒီပုံတွေပဲ၊ အခါအခါ မြန်မာနိုင်ငံအနှံ့အပြားမှာ သုံးစွဲနေတဲ့ပုံစံ ဖြစ်လာပါတယ်။ ဗိသုကာပညာရပ်ဆိုင်ရာ အမြင်နဲ့သုံးသပ်ရရင် အခုလို ပစ္စယံကို ငါးဆင့်က သုံးဆင့်သို့ လျှော့ချ၊ ပြီးတော့ ခေါင်းလောင်းပုံဖြစ်အောင် ပြင်ဆင်လိုက်တော့ ပြေပြစ်သွားတယ်။ ထောင့်တွေမှာ စေတီငယ်လေးတွေရဲ့ ပြီး လှေကားတပ်၊ အချွန်အတက်ပါတဲ့ ခုံးငယ်တွေ ထပ်ဖြည့်လိုက်တော့၊ မြင့်မားတဲ့သဘောလဲ မပျက်ဘဲ ဝန်းကျင်ကိုအုပ်စီး လွှမ်းမိုးနိုင်တဲ့ သတ္တိမပျက် ဘဲ ရှိနေပါတယ်။

အလှဆင်ဖို့ သုံးစွဲတဲ့ ပန်းတော့ လက်ရာတွေက -

(၁) ကြာပန်းကို မူလပုံမပျက်စေဘဲ ပန်းခုံးလုပ်ခြင်း၊

(၂) မြေကို လိုသလိုပုံဖော်ပြီး၊ စဥ္စသုတ်ကာ ဇာတ်ငါးရာကိုဖော်ပြ ခြင်း၊

(၃) လှဇရွဲခေါ်တဲ့ ညောင်ရွက်တွေကို ထိပ်မှာ စီတန်းထည့်ကာ၊ အလယ်မှာ စိန်ခွင် (RHOMBS) အောက်မှာကြာ၊ ကိရ်တိမု ခကို သင်္ကန်းပတ်ရဲ့ အလယ်မှာ ထည့်ခြင်းတို့ဖြစ်တယ်။

ပုဂံခေတ်ရဲ့ စေတီပုံစံတွေ တဖြည်းဖြည်းပြောင်းလာတာကို နောက်ဆုံး ပိတ်ဖော်ပြတဲ့ဘုရားက၊ တရုတ်ပြေး မင်းရဲ့ ကောင်းမှုတော် မင်္ဂလာစေတီ ဖြစ်ပါတယ်။ ပုံဆန်းတွေကတော့၊ ခရစ်တစ်ဆယ့်တစ်၊ တစ်ဆယ့်နှစ်ရာစုနှစ် အကုန်လောက်က တည်တဲ့၊ ဆပဒနဲ့ဓမ္မရာဇကဖြစ်တယ်။ ဆပဒကသီဟိုဠ် ပုံဖြစ်ပြီး၊ ဓမ္မရာဇက က ပစ္စယံကို ထောင့်ငါးထောင့်နဲ့ ပြုလုပ်ထားပါတယ်။ ဂူဘုရားတွေရဲ့ ပုံစံအပြောင်းအလဲကို မြင်သာအောင်၊ ခေတ်ဦးဘုရားနဲ့ ခေတ် နှောင်းဘုရားရယ်လို့ အုပ်စုနှစ်စုခွဲပြီး လေ့လာရပါမယ်။

mgyoe.com

mgyoe.com




နန်းဘုရားအတွင်းမှ ဗြဟ္မာရုပ်တု (လိလာသန)

ပုဂံခေတ်ဦးဘုရားတွေကို (ပညာရှင်အချို့က) မွန်အုပ်စုလို့ခေါ်တယ်။ မြေမှာဝပ်နေသလို ပိပိပြားပြား မြင်ရတယ်၊ အတွင်းမှာ မှောင်တယ်။ ပုဂံခေတ်နှောင်းဘုရားတွေကို မြန်မာအုပ်စုလို့ ခေါ်ချင်ရင် ခေါ်နိုင်ပါတယ်။ အဆောက်အအုံမြင့်တယ်လို့ ထင်ရတယ်။ အဝင်-အထွက် တံခါးနဲ့ ပြတင်းတံခါးတွေ မြင့်တဲ့အတွက် အတွင်းခန်းမှာလည်း လင်းနေတယ်။ အခု ပြောတာကို အလွယ်မြင်သာအောင် ရှင်းပြဖို့လိုမယ်။ အတွင်းကို ဝင်လို့ရတဲ့ ဘုရားဖြစ်ရင်၊ကုလားကျောင်းခံပြီး အထက်မှာ စေတီပေါက်တယ်။ အမိုးကို လေးထောင့် အုန်းလက်ချအမိုးက အမိုးဝိုင်း (ခမောက်ပုံ) ဖြစ်လာအောင် ထောင့်ချိုးကို ရှစ်ခုလုပ်တယ်။ ပြီးမှ စက်ဝန်းဖြစ်အောင် လုပ်တယ်။ လုပ်ပုံက စိတ်ဝင်စားစရာဖြစ်ပါတယ်။ ဒီလို လေးထောင့်က ဝိုင်းအောင်လုပ်ပုံလုပ်နည်း နှစ်မျိုးတွေ့နိုင်ပါတယ်။

(၁) ပစ္စယံသုံးဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် အရွယ်ငယ်သွားအောင် လုပ်ပြီးမှ အပေါ်က သိခရ (ကွမ်းတောင်) တင်တယ်။ မွန်မကုတမင်း တည်တယ်လို့ ပြောလေ့ရှိတဲ့ နန်းဘုရား၊ စောလူးမင်းတည်တယ်လို့ ပြောလေ့ရှိကြတဲ့ ပုထိုးသများ၊ ထီလိုင်မင်းရဲ့ မိဖုရား တည်တယ်လို့ ပြောလေ့ရှိတဲ့ အပယ်ရတနာဘုရားတွေကို နမူနာအဖြစ် ကြည့်ပါ။

mgyoe.com

mgyoe.com


(၂) ပစ္စယံသုံးခုကို တစ်ခုထက်တစ်ခု ငယ်အောင်လုပ်ပြီး၊ အခြေခံအမိုးလုပ်ပြီးမှ အပေါ်က ကွမ်းတောင်ကို တင်တယ်။ နဂါးရုံဘုရားကို နမူနာအဖြစ် ကြည့်ပါ။

အခု ဖော်ပြတဲ့ ဘုရားတွေမှာ ကျောက်နဲ့ ထုပ်တွဲပုံကို ထင်ရှားအောင် မြင်နိုင်ပါတယ်။ (နန်းဘုရား၊ ပုထိုးသမျှားနဲ့ အပယ်ရတနာ) ဘုရားတွေဟာ တစ်ထပ်အိမ်သဘော ဆောက်လုပ်ထားတာအပြင်၊ ဇာပြတင်းခေါ်တဲ့ အလင်းရောင်နဲ့ လေကောင်းလေသန့် ဝင်အောင်အတွက် ဖောက်ပေးထားတဲ့ ပြတင်းတွေကိုလဲ တွေ့မြင်နိုင်ပါတယ်။ (ဒါပေမဲ့ ပြတင်းတွေဟာ သေးငယ်လွန်းတယ်၊ အရေအတွက် နည်းလွန်းတယ်။) ဒါကြောင့် အခန်းတွင်းမှာ (မည်းနေအောင် မမှောင်ပေမယ့်) အလင်း ကောင်းစွာ မရနိုင်ပါ။ အခုလို အလင်းအားနည်းတာကို ပြင်ဆင်တဲ့သဘောနဲ့ မြတ်စွာဘုရားရုပ်တုတော်ရဲ့ ဦးခေါင်းတော်တည့်တည့်မှာ အမိုးပေါက်ငယ် လုပ်ထားတာနဲ့ပဲ လိုအပ်တဲ့အလင်းပြည့်စုံပြီလို့ ယူဆဟန် ရှိပါတယ်။ (ဂန္ဓကုဋိအတွင်းကို ဝင်လိုက်တာနဲ့ တစ်ပြိုင်နက်) လိုအပ်တဲ့ အလင်းရောင် ရနေပြီဖြစ်တာကို သတိပြုမိမှာ ဖြစ်ပါတယ်။

အခု ဖော်ပြထားတာတွေကို ထင်ရှားစေတဲ့ အကောင်းဆုံး စံပြဂူဘုရားက ထိလိုင်မင်းတည်တဲ့ အာနန္ဒာ ဘုရားဖြစ်ပါတယ်။

(၁) မြေညီထပ်ကို ဂရိကြက်ခြေ (+) (သို့မဟုတ်) သောတ္တိကပုံသဏ္ဌာန် ပန္နက်ချတယ်။

(၂) ကန့်ကူဆံထုံးလို့ခေါ်တဲ့ အလယ်မဏ္ဍိုင်ဟာ အလွန်ကြီးမားတောင့်တင်းတယ်။


(၃) အလယ်မဏ္ဍိုင်လေးမျက်နှာရဲ့ မျက်နှာစာဘက်တိုင်းမှာ မတ်ရပ်ကိုယ်တော် တစ်ပါးစီရှိတယ်။ ခုံ (ပလ္လင်)အမြင့်ရှစ်ပေ အပေါ်မှာ ဉာဏ်တော်ပေ့ဆုံးဆယ်ရှိတဲ့ မတ်ရပ်ဆင်းတုတော် ဖြစ်ပါတယ်။

(၄) ကျောင်းဆောင်အတွင်းမှာ ပတ်လည်သွားနိုင်တဲ့ စင်္ကြံနှစ်ထပ်ထားတယ်။


(၅) ဂန္ဓကုဋိတိုက်လေးဘက်မှာ အမိုးအကာ အပြည့်အစုံနဲ့ ဆောက်ထားတဲ့ တန်ဆောင်းတွေ ရှိတယ်။

mgyoe.com

mgyoe.com

အပယ်ရတနာ၊ ပုဂံ။



သဗ္ဗညု၊ ပုဂံ။

(၆) တစ်ဆင့်ထက် တစ်ဆင့် ငယ်တဲ့ပစ္စယံ သုံးဆင့်အပေါ်က သိခရ (ပန်းတောင်း) တင်ထားတယ်။

(၇) အဝင်ပေါက်ရှိတဲ့ နေရာတိုင်းမှာ ထုပ်နဲ့တန်းကို မျှတအောင် လုပ်ထားလို့ အဆောက်အအုံတစ်ခုလုံး ကြွကြွရွရွ သွက်လက် ပေါ့ပါးပြီး၊ ကောင်းကင်ကို မြင့်တက်သွားတဲ့သရုပ်ပေါ်လွင် ထင်ရှားနေပါတယ်။

တန်ဆောင်း (လေးမျက်နှာ)ရှည်ရင်၊ တည်ငြိမ်တဲ့ ပုံစံနဲ့ တွဲဖက်တယ်။ ပစ္စယံကျဉ်းရင် တက်ကြွတဲ့ပုံနဲ့ တွဲဖက်တယ်။ အဲဒါကြောင့် အာနန္ဒာဂူဘုရားကို အတွင်းမှာ မလင်းလွန်း၊ မမှောင်လွန်း အသင့်အတင့်မြင်သာရုံ အလင်းရောင်ပေးထားလို့ ခေတ်လယ်အဆောက်အအုံလို့ သတ်မှတ်ပါတယ်။ မြတ်စွာဘုရားရုပ်ပွားတော် တည့်တည့်မှာ ကောင်းကင်ပေါက် ဖောက်ပေးထားလို့ အလင်းရောင် အလုံအလောက် ပေးထားတယ်လို့ သိနိုင်ပါတယ်။

အလှဆင်ခြင်း (အလင်္ကာရ) နဲ့ ပတ်သက်လို့ သတိပြုစရာတွေက

(၁) အချွန်အတက်တိုင်းကို ပန်းညွန့်တက်တဲ့ပုံဖော်ခြင်း၊

(၂) အပြင်နံရံမှာ မြေဖုတ်စဥ့်သုတ်ထားတဲ့ ရုပ်ကြွပုံတွေကို အစီအရီ ကပ်ထားခြင်း၊

(၃) အတွင်းနံရံမှာ ဗုဒ္ဓုပ္ပတ္တိကို ရုပ်ကြွဖော်ပြီး ကပ်ထားခြင်း၊


(၄) အတွင်းနံရံမှာ မုခ်ကပ်ငယ်တွေ ပြုလုပ်ထားပြီး ဗုဒ္ဓရုပ်ပွားတော်ငယ်တွေကို ထည့်ထားခြင်း၊

(၅) အရဟံ၊ ထိလိုင်မင်းစတဲ့ ဆရာ၊ ဒကာပုံတွေကို မတ်ရပ်ကိုယ်တော်ကြီးရဲ့ လက်ဝဲ-လက်ယာဘက်တွေမှာ ထွင်းထုထားခြင်းတို့ ဖြစ်ပါတယ်။

mgyoe.com

 mgyoe.com


ဒီနေရာမှာ ဖြည့်စွက်ပြောချင်တာက အရဟံ၊ ထိလိုင်မင်း၊ အဘယ ရတနာပုံတူတွေလို့ ပြောတာက၊ ရောက်လာတဲ့ နိုင်ငံခြားသားခရီးသည်တွေ မေးတာကို အလျဉ်းသင့်သလို ပြောလေ့ရှိခြင်းကြောင့် ဖြစ်ပါတယ်။ အဲ့ဒီလို အပြောများလာတဲ့အခါ အဟုတ်၊ အမှန်ဖြစ်တယ်လို့ ထင်မှတ်လာကြပါတယ်။ လက်ဝဲမှာ ရှင်မောဂ္ဂလန်၊ လက်ယာမှာ ရှင်အာနန္ဒာတို့ ခေါင်းဆောင်ပြီး၊ မြတ်စွာဘုရားကို ကြည်ညိုဟန် လက်ယှက်ပြီး ပုဆစ်တုပ်ထိုင်နေတဲ့၊ အသိတိ ရှစ်ကျိပ်အဝင်အပါ လက်ဝဲရှင်မောဂ္ဂလန်၊ လက်ယာ ရှင်အာနန္ဒဖြစ်တယ်လို့ ပြောတာက ပိုပြီး ယုတ္တိတန်မယ် ထင်ပါတယ်။



ရွှေဂူကြီး၊ ပုဂံ။ မဟာဗောဓိ၊ ပုဂံ။

အလယ်ခေတ်ပုံရှိတဲ့ ဂူဘုရား နောက်ထပ် စံပြနှစ်ဆူက လောကထိပ် ပန်ဘုရားနဲ့ ပထမစည်သူမင်းကြီးလက်ထက်က တည်ခဲ့တဲ့ ရွှေဂူကြီးဘုရား ဖြစ်ပါတယ်။

မြန်မာပုံစံ စစ်စစ်လို့ ပြောနိုင်တဲ့ ဦးစွာပထမ တည်ဆောက်တဲ့ ဂူဘုရား က သဗ္ဗညုဘုရားဖြစ်တယ်။ အလယ်ခေတ် ဂူဘုရားထဲမှာ လောကထိပ်ပန်နဲ့ ရွှေဂူဟာ ပထမစည်သူလက်ထက်ဖြစ်တယ်။ စံပြုစရာလက်ရာတွေ ဖြစ်မယ်။ မြန်မာဟန်ဝင်လာပြီလို့ ပြောရင်လဲဖြစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ချက်အနေနဲ့ အလွယ်ပြောရရင်၊ အခန်းတွင်းမှာ မှောင်ရာက လင်းလာပြီလို့ ဆိုရပါမယ်။ သဗ္ဗညုဂူဘုရားဟာ ဉာဏ်တော် ၂၀၁ပေရှိလို့ ပုဂံမှာ ဉာဏ်တော်အမြင့်ဆုံး ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


(၁) မြေပြင် ပန္နက်ပုံက စတုရန်းဖြစ်တယ်၊
(၂) ပစ္စယံ လေး၊ သိခရ (ပန်းတောင်း)နဲ့ လေးထပ်တိုက်လို့ ပြော နိုင်တယ်။ အဲဒီလေးထပ်မှာ -
(က) မြေညီထပ်ဟာ ဘုရားဆင်းတုတော်တွေ ကိန်းဝပ် စံပယ်တဲ့ကျောင်း ဖြစ်တယ်၊
(ခ) ပထမထပ်ဟာ ရဟန်းတော်တွေ သီတင်းသုံးဖို့ ဖြစ်တယ်၊ ရုပ်တု၊ ရုပ်ပွားမရှိ၊
(ဂ) ဒုတိယထပ်ဟာ ဘုရားဆင်းတုတော်တွေ ကိန်းဝပ် စံပယ်တဲ့ကျောင်း ဖြစ်တယ်၊
(ဃ) တတိယထပ်ဟာ၊ ပိဋကတ်တိုက်အဖြစ် အသုံးပြုဖို့ ဖြစ်ပါတယ်။

အခုဖော်ပြတဲ့ ဂူဘုရားနဲ့ တူတာတွေက -
(၁) ကန်တော့ပလ္လင်(ပထမစည်သူလက်ထက်)
(၂) စူဠာမဏိ (ဒုတိယစည်သူလက်ထက်)
(၃) ထီးလိုမင်းလို (နာတောင်းများ လက်ထက်)

အထက်ဖော်ပြပါ ဂူဘုရားတွေနဲ့ လုံးဝ မတူတာက၊ မဟာဗောဓိ (ကုသိုလ်ရှင် နာတောင်းများ) ဂူဘုရားဖြစ်တယ်။

ရုပ်ကြွရွှံ့မီးဖုတ်ပုံတွေ၊ ရုပ်တုတွေနဲ့ သစ်သားလက်ရာတွေက -
ပန်းတမော့-ကျောက်ဆစ်
ပန်းတော့-အင်္ဂတေ
ပန်းပု-သစ်ထွင်း
ပန်းထိမ်-ရွှေ၊ ငွေ၊ အဆင်တန်ဆာ
ပန်းတဉ်း-ကြေးလက်ရာအထွေထွေ
တို့ ဖြစ်ကြပါတယ်။

ထုလုပ်တဲ့ အကြောင်းအရာတွေဟာ ဗုဒ္ဓယုံကြည်မှုနဲ့ ပတ်သက်တယ်။ ဟန်က ပါလ၊ သတ္တုမှာမျိုးစုံ (ရွှေ၊ ငွေ၊ ကျောက်၊ သစ်သား)။ ရုပ်ကြွကို ရှင်ပျံခြင်း၊ ကျေနပ်ခြင်း၊ ဒေါသထွက်ခြင်း၊ ငြင်းပယ်ခြင်းစတဲ့ ဥဒါနသဘော စိတ်ထားကိုပေါ်အောင် ဖော်နိုင်ပါတယ်။ သိဒ္ဓတ္တမှာ ဆံတော်ဖြတ်တဲ့အခါ အမိဋ္ဌာန်ပြုတဲ့စိတ်ထားကို ပေါ်အောင်ဖော်နိုင်တယ်။

mgyoe.com

(၁) အင်္ဂတေလက်ရာတွေကို ဆင်ပြဂူ၊ ထီးလိုမင်းလိုဂူဘုရားတွေမှာ တွေ့နိုင်ပါတယ်၊
(၂) သစ်သားရုပ်တုတော်တွေကို ရွှေစည်းခုံ၊ အာနန္ဒာနဲ့ ရွှေဂူကြီးတွေမှာ တွေ့နိုင်ပါတယ်၊
(၃) မီးဖုတ်ရွှံ့ပြားတွေပေါ်မှာရှိတဲ့ ရုပ်တုတော်တွေကို ဖက်လိပ်၊ အာနန္ဒာနဲ့ မင်္ဂလာစေတီတွေမှာ တွေ့နိုင်ပါတယ်။

ပန်းချီရေးဆွဲတဲ့အခါ အသုံးပြုတဲ့ စုတ်တံနဲ့ ဆေးတွေကတော့ -

(၁) ဆေးဒန်း-အဝါရောင်
(၂) ဟသ်ပဒါး- ချိပ်နီ၊ ချိပ်ရင့်ရောင်
(၃) ဆုန်(ခဲမပုပ်)-အနီရင့်
(၄) မြေဖြူ-အဖြူရောင်
(၅) ကွေ့-ချိပ်နီ၊ ချိပ်ရင့်
(ထုံးကျောက်၊ မြေစေး၊ နီဝါ)
(၆) ချိပ် - သစ်စေးနီနီ
(၇) ကံကုတ်-အမည်းရောင်
(နှာ၊ ခဲပုပ်မည်း)

အစိမ်းရောင်၊ အပြာရောင်ကို လိုသလို စပ်ပြီးသုံးတယ်။ ဆေးခြယ်တဲ့အခါ နံရံမှာ ကပ်တဲ့ အင်္ဂတေခိုင်မာတဲ့အထိ၊ ခြောက်သွေ့တဲ့အထိ စောင့်ဆိုင်းရပါတယ်။

ရေးဆွဲတဲ့အခါ -

(၁) တစ်ကြောင်းဆွဲ - မျက်နှာထားမြင်ရင် စိတ်ထားကိုမြင်အောင်ဆွဲကြပါတယ်။
(၂) ဟန်ပြ - လူကို ရှေ့မှာထားပြီး တူအောင် ရေးဆွဲပါတယ်။

နံရံပန်းချီ လှလှကောင်းကောင်း တွေ့နိုင်တဲ့ ဘုရားတွေက -

(၁) အဘယ်ရတနာ (ဘုရားလောင်းပုံ)
(၂) ပုထိုးသများ (မင်း၊ စစ်သည်)
(၃) ဘုရားသုံးဆူ (တန္တြဗုဒ္ဓသာသနာဆိုင်ရာ)

mgyoe.com

mgyoe.com


(၄) နန္ဒမညာ (တခြားဗုဒ္ဓသာသနာဆိုင်ရာ)
(၅) ကျန်စစ်သားဥမင် (မောင်ဂိုမိုလ်နဲ့ တပ်သား)
ဗုဒ္ဓတရားကို အရုပ်နဲ့ ပြတဲ့အခါ
(၁) ရသေ့ - ချောင်ထုံးနှစ်ထုံးနဲ့ ဆွဲတယ်၊
(၂) ဘီလူး - ခေါင်းနဲ့ လက်နှစ်ဖက်သာပြတယ်၊ တိဖက်က ဆိမ်ခြ၊ တရုတ်က တောင်တော့ အရုပ်(ကောင်းကင်မှာတည်ဟန်) ကို ဖော်ပြတယ်။

(၁၆-၃၁၊ အောက်၊ ၂၀၀၃)

**ကျမ်းကိုး**

*Schuyler Cammann, Tibetan Monster Masks, Journal of the West China Border Research Society, XII, Series A 1940, 9-24.*
*K.M.Bull, Decorative motifs of Oriental Arts.*
*S.C. Nott, Chinese Culture in the Arts.*

❑

mgyoe.com